မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၂၄ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၃၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

တိုင်းရင်းသားပြည်သူများ စားနပ်ရိက္ခာပြည့်စုံဖူလုံစေရေးအတွက် စိုက်ပျိုးနည်းစနစ်မှန်ကန်သည့် သီးနှံအထွက်တိုး နည်းပညာများကို တောင်သူလယ်သမားကြီးများက လေ့လာမှတ်သား နည်းပညာပွားများကြကာ တစ်နံ့မှ တစ်ကွင်း၊ တစ်ကွင်းမှ တစ်နိုင်ငံလုံးရှိ စပါးကွင်းများတွင် အထွက်ကောင်းမျိုးစပါးများ တိုးပွားထွက်ရှိစေရေး ကြိုးပမ်းစိုက်ပျိုး။ ခေါင်းကြီး(စာ-၂)

တပ်မတော်အစိုးရဟာ ပြည်တွင်းပြည်ပမှ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေက ဘယ်လိုပဲဟန့်တား နှောင့်ယှက်နေကြပေမယ့် ဒီမိုကရေစီဖော်ဆောင်ရေးကို ရည်ရွယ်ချက်ရှိရှိနဲ့ ဆက်လက်အကောင်အထည်ဖော်လျက်ရှိ။

အောင်သူမိုး(မြင်းခြံ)၏ ဆောင်းပါး(စာ-၁၀)

တိုင်းမှူး ဗိုလ်ချုပ်သာအေး ဒီပဲယင်းမြို့နယ် နွေစပါးစိုက်ပျိုးပြီးစီးမှု စစ်ဆေး ရေဦး-ညောင်ပင်သာ-ရွှေဘိုလမ်း ကျောက်ချောလမ်းခင်းနေမှုကြည့်ရှု

ရန်ကုန် မေ ၂၃

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၁၆ ရက် နံနက်ပိုင်းက ဒီပဲယင်းမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် တိုင်းမှူးသည် ရေဦးမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးပြီးစီးမှုနှင့် စပါးဖြစ်ထွန်းအောင်မြင်မှုအခြေအနေများကိုလည်းကောင်း၊ ရေဦး-ညောင်ပင်သာ-ရွှေဘိုလမ်း ၂၄ မိုင် ကျောက်ချောလမ်းခင်းကျင်းနေမှုနှင့် လမ်းဘေးဝဲယာ နွေစပါးစိုက်ပျိုးထားရှိမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် ခင်ဦးမြို့နယ် ရွှေယမင်းကျေးရွာ၌ ရွှေဘိုမြို့နယ် ဆည်မြောင်းဦးစီးဌာန၏ တိန်ချောင်းရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းအပိုင်း(၂)ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၂ ကော်လံ ၄ ■

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရွှေညောင်-နမ့်စန်လမ်း၊ ပွန်ချောင်း-ဘန်းကျောက်-ထီပင်လမ်းပိုင်း မြေကြီးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပွန်ချောင်း-ဘန်းကျောက်-ထီပင်ရထားလမ်းပိုင်း စစ်ဆေး လုပ်ငန်းတွင်ကျယ်အောင် စေတနာအပြည့်အဝထားဆောင်ရွက်ရေး မှာကြား

ရန်ကုန် မေ ၂၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီးဦးဖေသန်း လိုက်ပါ၍ ရွှေညောင်-နမ့်စန်ရထားလမ်း၊ ပွန်ချောင်း-ဘန်းကျောက်-ထီပင်လမ်းပိုင်းဖောက်လုပ်ရေးလုပ်ငန်းခွင်သို့ မေ ၁၃ ရက် မွန်းလွဲပိုင်းတွင်ရောက်ရှိရာ ရှင်းလင်းဆောင်၌ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးက ရွှေညောင်-နမ့်စန်ရထားလမ်းမှ ပွန်ချောင်း-ဘန်းကျောက်လမ်းပိုင်းထပ်မံဖောက်လုပ်ပြီးစီးမှု၊ ဆက်လက်ဖောက်လုပ်ဆဲဖြစ်သော ဘန်းကျောက်-တောင်ကိုင်း-ထီပင်လမ်းပိုင်းဆိုင်ရာအခြေအနေနှင့် ရထားလမ်းအမြန်ဖောက်လုပ်ပြီးစီးရေးအတွက် ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

ဟန်လင်း၌ ပျူလူမျိုးတို့ ရှေးဦးအနွယ်များ ကျောက်ခေတ်ကတည်းက နေထိုင်ခဲ့ ဟန်လင်းမြို့ဟောင်းမှ တူးဖော်တွေ့ရှိ

ရန်ကုန် မေ ၂၃

ယဉ်ကျေးမှုဝန်ကြီးဌာန၏ လမ်းညွှန်ချက်အရ ရှေးဟောင်းသုတေသနဦးစီးဌာန အထက်မြန်မာပြည်ဌာနခွဲ ရွှေဘို၊ဟန်လင်းဌာနစု တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော် ခေါင်းဆောင်သော သုတေသနအဖွဲ့သည် ဟန်လင်းမြို့ဟောင်းတွင် ၂၀၀၅ ခုနှစ် မတ်လနှင့် ဧပြီလ အတွင်းက တူးဖော်သုတေသနပြုခဲ့ကြသည်။

တူးဖော်သုတေသနပြုသောနေရာမှာ ဟန်လင်းမြို့ဟောင်း မြို့ရိုးအပြင်ဘက်၊ တောင်ဘက်၊ ရွှေဂူကြီးဘုရားမှ ကိုက် ၇၀၀ အကွာရှိ ယာကွက်အတွင်း ကုန်းအမှတ် ၂၅ တွင် ကျင်းလေးကျင်းနှင့် ရွှေဂူကြီးဘုရားမြောက်ဘက် ၄၀၆ ပေအကွာရှိ ကုန်းအမှတ် ၂၆ တွင် ကျင်း လေးကျင်းတူးဖော်ခဲ့ခြင်းဖြစ်သည်။

ကုန်းအမှတ်၂၅တွင် မြေအနက် ခုနစ်ပေ ခြောက်လက်မ၌ အရိုးစု ခြောက်ခု၊ မြေအနက်ရှစ်ပေ ခြောက်လက်မ၌ လူအရိုးစုနှစ်ခု စုစုပေါင်း လူအရိုးစုရှစ်ခု တူးဖော်တွေ့ရှိရသည်။

လူ့အသုံးအဆောင်မြေခွက်များ

ကုန်းအမှတ်၂၆တွင် တူးဖော်ရာမှ မြေအနက်သုံးပေ ခြောက်လက်မတွင် လူအရိုးစုတစ်ခု၊ မြေအနက် ရှစ်ပေခန့်မှ လူအရိုးစုနှစ်ခု၊ မြေအနက် ၁၁ ပေကျော်မှ လူအရိုးစုနှစ်ခု၊ မြေ အနက်၁၃ပေခန့်မှ လူအရိုးစုငါးခုနှင့် မြေအနက် ၁၆ ပေမှ *စာမျက်နှာ ၈ ကော်လံ ၃* ●

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မေလ ၂၄ ရက်)

စားနပ်ရိက္ခာဖူလုံစေရေး မှန်ကန်သည့်စိုက်ပျိုးနည်းစနစ်အသုံးပြု အထွက်ကောင်းမျိုးစပါးများ တိုးပွားစေရန်ကြိုးပမ်း

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရာတွင် နိုင်ငံတော်၏ အမျိုးသားစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသည့်အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရက စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်လျက်ရှိသည်။

လယ်ယာကဏ္ဍ၌ စပါးသီးနှံသည် စိုက်ဧကအများဆုံးနှင့် ထုတ်လုပ်မှုတန်ဖိုးအများဆုံးဖြစ်ပြီး ပြည်သူတို့အတွက် အဓိကကျသည့် စားနပ်ရိက္ခာသီးနှံလည်းဖြစ်သည်။ ထို့ကြောင့် စားနပ်ရိက္ခာဖူလုံစေရန်အထွက်တိုးသီးနှံဖြစ်သည့် စပါးကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ပိုလျှံစေရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ကြိုးပမ်းဆောင်ရွက်ရာတွင် စိုက်ပျိုးနည်းစနစ်များမှန်ကန်စေရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရေး၊ ဓာတ်မြေသြဇာနှင့် ဒေသထွက် သဘာဝမြေသြဇာများ ပေါင်းစပ်သုံးစွဲရေး၊ ရေတော်မိုးတော်စပါးစိုက်ဧကများ တိုးတက်လာစေရေး ဟူသည့်နည်းလမ်းလေးသွယ်နှင့်အညီ တိုးမြှင့်စိုက်ပျိုးသွားကြရမည်ဖြစ်သည်။

ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်မြင့်မားလာစေရန်အတွက် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေရရှိရေး လုပ်ငန်းများဖြစ်သည့် ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်စီမံကိန်းအကြီးစား၊ အလတ်စား၊ အသေးစားများကိုလည်း တစ်ခုပြီးတစ်ခု စဉ်ဆက်မပြတ် ဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက တောင်သူလယ်သမားကြီးများ၏ အကျိုးစီးပွား တိုးပွားစေရေးအတွက် နေ့မအားညမနား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ တောင်သူလယ်သမားကြီးများကလည်း နိုင်ငံတော်က ပံ့ပိုးကူညီပေးလျက်ရှိသည့် စိုက်ပျိုးနည်းပညာများကို စိတ်ဝင်တစားလေ့လာမှတ်သားပြီး မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိစေရန် စွမ်းစွမ်းတမံ ကြိုးပမ်းလုပ်ဆောင်ကြရန် လိုအပ်ပေသည်။

သီးနှံစိုက်ပျိုးရေးတွင် စိုက်စနစ်မှန်ကန်ရေးသည် အလွန်အရေးကြီးသည့် အချက်တစ်ရပ်ဖြစ်သည်။ သာဓကအားဖြင့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မလစ်ကျေးရွာနှင့် တိုက်ကြီးမြို့နယ် ဖလုံကန်ကုန်းကျေးရွာနွေစပါး ပန်းတိုင်အထွက်နှုန်းအထူးဇုန်များ၌ စပါးပန်းတိုင်အထွက်နှုန်း မိတ်ဖက်အချက်များဖြစ်သည့် တစ်ဧကတွင်ရှိရမည့် အောင်နံ့ပေါင်း၊ တစ်နံ့တွင်ရှိရမည့် အောင်စေ့ပေါင်းဟူသည့် အချက်များကိုသတ်မှတ်ပြီး ဆင်းသွယ်လတ်မျိုးကို လက်တွေ့စိုက်ပျိုးပြသခဲ့ရာ တစ်ဧကလျှင် တင်း၁၅၀ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ရန်ကုန်တိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ကြီးမှူးဖွင့်လှစ်ခဲ့သည့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးနည်းပညာပေးသင်တန်းသည် တောင်သူလယ်သမားကြီးများ လေ့လာမှတ်သား နည်းပညာပွားများသင့်သည့် စံနမူနာပြ စိုက်စနစ်မှန်ကန်ရေး ပညာပေးသင်တန်းတစ်ခု ဖြစ်ပေသည်။

အဆိုပါ စိုက်ပျိုးရေး နည်းပညာပေးသင်တန်းတွင် တောင်သူလယ်သမားကြီးများအတွက် စိုက်ပျိုးမြေများ ပြုပြင်ဆောင်ရွက်မှုလုပ်ငန်းများ၊ မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေးစိုက်ပျိုးရမည့် စပါးများနှင့် အရည်အချင်း လက္ခဏာများ၊ တစ်နံ့မှတစ်ကွင်း၊တစ်ကွင်းမှတစ်နိုင်ငံ ခေါင်နံ့မျိုးဖြင့် မျိုးသန့်ပွားများဆောင်ရွက်သည့် နည်းပညာများ၊ သီးနှံပိုးမွှားရောဂါကာကွယ်ရေးဆိုင်ရာ နည်းပညာများစသည့် စိုက်ပျိုးရေးအထောက်အကူပြု နည်းပညာပေးပြကွက်များကိုလည်း စိတ်ဝင်စားဖွယ် ခင်းကျင်းပြသခဲ့သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများစားနပ်ရိက္ခာပြည့်စုံဖူလုံစေရေးအတွက် စိုက်ပျိုးနည်း စနစ်မှန်ကန်သည့်သီးနှံအထွက်တိုးနည်းပညာများကို တောင်သူလယ်သမားကြီးများကလေ့လာမှတ်သား နည်းပညာပွားများကြကာတစ်နံ့မှ တစ်ကွင်း၊တစ်ကွင်းမှတစ်နိုင်ငံလုံးရှိ စပါးကွင်းများတွင်အထွက်ကောင်းမျိုးစပါးများ တိုးပွားထွက်ရှိစေရေး ကြိုးပမ်းစိုက်ပျိုးသွားကြရန်တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်စည်းဝေး၊ ထူးချွန်ဆုရမြို့နယ်အသင်းများဆုချီးမြှင့်

ရန်ကုန် မေ ၂၃

ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး၊ ဆုပေးပွဲနှင့် အလှူငွေပေးအပ်ပွဲကို မေ ၁၉ရက်နံနက် ၈နာရီက ပုသိမ်မြို့ ဧရာဝတီခန်းမ၌ ကျင်းပသည်။အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ တိုင်းမိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်တင်တင်လတ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးကအမှာစကားပြောကြားပြီး တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်လတ်က ၂၀၀၄ခုနှစ်အတွင်း အသင်း၏ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးဆိုင်ရာ လုပ်ရှားဆောင်ရွက်မှုများကို ရုပ်ပုံပြစက်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆုများချီးမြှင့်

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့က ထူးချွန်ဆုရရှိသော မြို့နယ်အသင်းများအား ဆုများအသီးသီး ပေးအပ် ချီးမြှင့်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ မန္တလေးမြို့ ဟွန်ဒါမြန်မာကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်က ငွေကျပ်သိန်း၃၀၊ ဦးကျော်တင်(ကြည်မိသားစု ပို့ဆောင်ရေးလုပ်ငန်း) ရန်ကုန်မြို့က ငွေကျပ် ၂၆သိန်း၊ ဦးကျော်ဆန်း-ဒေါ်ညွန့်ညွန့်ဝင်း (ပန်းဝတ်ရည် အင်တာ ပရိုက်စ်)ပန်းတနော်မြို့က ငွေကျပ် ၁၀သိန်း၊ ဦးချိုဆန်စက်ပိုင်ရှင်၊ ဦးမျိုးဝေ-ဒေါ်အေးအေးလွင်မိသားစုက ငွေကျပ် နှစ်သိန်း၊ ဦးသန်းဦး- ဒေါ်စိုးစိုးရီ (ခိုင်ရွှေစင် သောက်ရေသန့်လုပ်ငန်း၊ ပုသိမ်)က ငွေကျပ်နှစ်သိန်း အပါအဝင် အလှူရှင် ၁၄ဦးတို့က စုစုပေါင်းငွေကျပ် ၇၇သိန်းကို ပေးအပ်လှူဒါန်းကြရာ တိုင်းကြီးကြပ်ရေးအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထောက်ပံ့ငွေ

ယင်းနောက် တိုင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက မြို့နယ်အသင်းများ ငွေချေးခြင်းလုပ်ငန်းအတွက် ထောက်ပံ့ငွေအဖြစ် တစ်မြို့လျှင် ငွေကျပ်တစ်သိန်းစီဖြင့် ငွေကျပ် ၂၆သိန်းကိုလည်းကောင်း၊ တိုင်းကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန်းအောင်က ဘိုးဘွားများစောင့်ရှောက်ရေးလုပ်ငန်းအတွက် တစ်မြို့နယ်လျှင် ငွေကျပ်ရှစ်သောင်းနှုန်းဖြင့် ငွေကျပ် ၂၀၈၀၀၀၀ကိုလည်းကောင်း၊ ခရိုင်ဥက္ကဋ္ဌများထံ အသီးသီးပေးအပ်သည်။

ထို့နောက် တိုင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက တိုင်းပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသခံယူသော ချို့တဲ့လူနာများအတွက် ငွေပဒေသာပင် ငွေကျပ်သုံးသိန်းကို ဆေးရုံအုပ်ကြီး ဒေါက်တာစိုးနိုင်ထံပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ သာကေတမြို့နယ် (၃)ရပ်ကွက် ရန်ပြေ ၉လမ်း အမှတ် ၂၂နေ ကွယ်လွန်သူသား ကိုမြတ်စိုး(M.S)စတိုး သိမ်ကြီးဈေး(ဒီ)ရုံ (၄)နှစ်ပြည့် ရည်စူး၍ ဦးရွှေထွန်း-ဒေါ်မြဲမြဲမိသားစု တို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးချစ်မြိုင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၄-၅-၂၀၀၅
(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၄၀ ၇။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၈။ အဝေးသင်ပညာရေး ပို့ချမှုအစီအစဉ် A Day's Wait (ဒုတိယနှစ်-အင်္ဂလိပ်စာ အထူးပြု)
- ၅း၂၅ ၉။ ပညာခေတ်
- ၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျောက်မဖြစ်တဲ့ နှလုံးသားရုပ်ကြွင်း"** (အပိုင်း-၁၉)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ကျန်းမာသုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်က သိုင်းလုလင်"** (အပိုင်း-၂၁)

ရတနာမဉ္ဇူဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၂၃

ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ) ကြီးမှူး၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက်၊ (၂)လမ်း၊ ရတနာမဉ္ဇူဓမ္မရိပ်သာ၌ လယ်တီမူအနာဂါမ်ဆရာသက်ကြီးနည်းဖြင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသန်း (ဒလ-ပျော်ဘွယ်ကြီး) ဦးဆောင်၍ မေ ၃၀ရက်မှ ဇွန် ၆ရက်အထိ လစဉ်လပြည့်ကျော် ၈ရက်နေ့တိုင်း ခုနစ်ရက် ဝိပဿနာ တရားစခန်း ဖွင့်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ ဖွင့်မည့်ရက် နံနက် ၇ နာရီအရောက် မှတ်ပုံတင်ယူဆောင်၍ ရတနာမဉ္ဇူဓမ္မရိပ်သာသို့ လာရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

မင်္ဂလာဦးအလှူ

တာမွေမြို့နယ် ကျိုက္ကဆံလမ်း အမှတ်(၄၇၃)နေ မောင်ယာမိုးအောင်-မခင်စန္ဒာကျော်တို့က မင်္ဂလာဦးအလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁)ဦးသိန်းအောင်က လက်ခံယူစဉ်။

(က-ပ)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အိန္ဒိယသတင်းဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံနှုတ်ဆက်

ရန်ကုန် မေ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အိန္ဒိယသမ္မတနိုင်ငံ Doordarshan သတင်း ဌာနမှ ညွှန်ကြားရေးမှူး(သတင်း) Smt. Arvind M. Singhခေါင်းဆောင်သော အိန္ဒိယသတင်းဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဝန်ကြီး၏ ဧည့်ခန်းမသို့လာရောက်၍ တွေ့ဆုံနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီး ဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဆေးဝါးစက်ရုံစီမံကိန်း(အင်ရောင်း)နှင့် ကြွေရည်သုတ်ပစ္စည်းနှင့် အိမ်သုံးပစ္စည်းစက်ရုံစီမံကိန်းတို့ နှင့်ပတ်သက်၍စာချုပ်ချုပ်ဆို

ရန်ကုန် မေ ၂၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းနှင့် စင်ကာပူသမ္မတနိုင်ငံ Pavo Tradings Pte Ltd. (P&N Co., Ltd.) တို့၏ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အင်ရောင်း၌ အကောင်အထည်ဖော်လျက်ရှိသော ဆေးဝါးစက်ရုံစီမံကိန်း(အင်ရောင်း)တွင် တပ်ဆင်မည့် သွေးကြောသွင်းဆေးရည် ထုတ်လုပ်ရေးနှင့်ပတ်သက်၍ စာချုပ်ချုပ်ဆိုခြင်းအခမ်းအနားနှင့် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းနှင့် စင်ကာပူသမ္မတနိုင်ငံ L & Z Trading and Investment Pte Ltd. တို့၏ ကျောက်ဆည်မြို့နယ် မင်းစု၌ အကောင်အထည်ဖော်လျက်ရှိသော ကြွေရည်သုတ်ပစ္စည်းနှင့် အိမ်သုံးပစ္စည်းစက်ရုံစီမံကိန်းအတွက် စက်ပစ္စည်းများ ပေးသွင်းရေး စာချုပ်ချုပ်ဆိုခြင်းအခမ်းအနားများကို ယနေ့မွန်းလွဲ ၁နာရီတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အဆိုပါကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးနှင့် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်တို့က စာချုပ်ချုပ်ဆိုပွဲနှင့်ပတ်သက်၍ အသီးသီး ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးနှင့် Pavo Tradings Pte Ltd. (P&N Co., Ltd.) မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းငွေတို့က စာချုပ်ကို လက်မှတ်ရေးထိုးကြပြီး လဲလှယ်ကြသည်။

လက်မှတ်ရေးထိုး

ဆက်လက်၍ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်နှင့် L&Z Trading & Investment Pte Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Alex K. Mani တို့က စာချုပ်များကို လက်မှတ်ရေးထိုးကြပြီး လဲလှယ်ကြကာ အခမ်းအနားကို ရုပ်သိမ်းသည်။

ဆေးဝါးစက်ရုံစီမံကိန်း (အင်ရောင်း)တွင် သွေးကြောသွင်း ဆေးရည်ထုတ်လုပ်ရေး စက်ပစ္စည်းများကို တပ်ဆင် အကောင်အထည်ဖော် ပြီးစီးပါက တစ်နှစ်လျှင် ၅၀၀ ML သွေးကြောသွင်းဆေးရည် ၂ ဒသမ၅ သန်း ထုတ်လုပ်သွားနိုင်မည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်များကို သွင်းကုန်အစားထိုး ဖြည့်ဆည်းသွားနိုင်မည် ဖြစ်သည်။

သွင်းကုန်အစားထိုး

ထို့ပြင် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းက အကောင်အထည်ဖော်လျက်ရှိသော ကြွေရည်သုတ်ပစ္စည်းနှင့် အိမ်သုံးပစ္စည်းစက်ရုံ စီမံကိန်းမှ တစ်နှစ်လျှင် အဆင့်မြင့် ကြွေရည်သုတ်ပစ္စည်းများ ခုရေ ငါးသန်းကိုလည်းကောင်း၊ စတီးလ်အိမ်သုံးပစ္စည်းများ တစ်နှစ်လျှင် ခုရေ သုံးသန်းကိုလည်းကောင်း ပြည်တွင်းလိုအပ်ချက်များနှင့် အညီ သွင်းကုန်အစားထိုး ထုတ်လုပ်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန် နိုင်ငံတော်မူဝါဒ အောင်မြင်မှုများ ဟောပြောပို့ချ

ရန်ကုန် မေ ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက (၆)ရပ်ကွက် အနေးယာဉ်စည်းရုံးရေး အခြေစိုက်စခန်း ခန်းမ၌ပြုလုပ်သော စည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၀)မှ သင်တန်းသား ၉၅ဦးတို့အား နိုင်ငံတော်မူဝါဒများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်မှုများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ဟောပြောပို့ချသည်။ **(သတင်းစဉ်)**



အိန္ဒိယသတင်းဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်ဖူးမြော်ကြည်ညို၊ ရန်ကုန်မြို့တွင်းကြည့်ရှုလေ့လာ

ရန်ကုန် မေ ၂၃

အာဆီယံ–အိန္ဒိယ သတင်းဆက်သွယ်ရေး အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ရန်ကုန်မြို့၌ ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ Doordarshan သတင်းဌာနမှ ညွှန်ကြားရေးမှူး(သတင်း) Smt. Arvind M.Singh ခေါင်းဆောင်သော အိန္ဒိယ သတင်းဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော် ကြည်ညိုကြရာ စေတီတော်ဂေါပကအဖွဲ့ရုံးမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ကပ်လှူပူဇော်

အိန္ဒိယသတင်းဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် အနောက်ဘက်အာရုံခံတန်ဆောင်း၌ စေတီတော်ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြပြီး တန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ဆီမီးနှင့် နံ့သာတိုင်များ ကပ်လှူပူဇော်ကြသည်။

ထို့နောက် အိန္ဒိယ သတင်းဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့သည် သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ယင်းနောက် အိန္ဒိယသတင်းဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့သည် ကုန်သည်လမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ သွားရောက်၍ အသင်းချုပ်အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များအား တွေ့ဆုံပြီး ကုန်သွယ်မှု၊ ခရီးသွားလုပ်ငန်းနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ရှင်းလင်းပြောကြား

မွန်းလွဲပိုင်းတွင် အိန္ဒိယ သတင်းဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့သည် လှိုင်သာယာစက်မှုမြို့သို့ သွားရောက်ကြရာ ကနောင်ခန်းမ၌ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လှိုင်သာယာစက်မှုမြို့အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အိန္ဒိယသတင်းဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့သည် FAME ဆေးဝါးထုတ်လုပ်ရေးစက်ရုံနှင့် ခိုင်ပရိဘောဂစက်ရုံတို့ကို သွားရောက်ကြည့်ရှု လေ့လာကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

✡ ရှေ့ဖုံးမှ

ညှိနှိုင်းဆောင်ရွက်

ဆက်လက်၍ မြန်မာ့မီးရထားမှ စီမံကိန်းဒါရိုက်တာ ဦးတင်စိုးက စက်သုံးဆီနှင့် ပစ္စည်းများ စုဆောင်းရရှိမှု၊ လုပ်ငန်းလိုအပ်ချက် အလိုက် ယန္တရားများ ဖြန့်ခွဲ အသုံးပြုမှုနှင့် ထပ်မံရရှိမည့် ဇလီဖားနှင့် သံလမ်းများ ဖြန့်ခွဲချထားမည့် အစီအစဉ်တို့ကို တင်ပြပြီး ဒုတိယဝန်ကြီး ဦးဖေသန်းကလုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှုနှင့် လုပ်ငန်းတိုးတက်မှု မြန်ဆန်ရေးအတွက် ညှိနှိုင်းဆောင်ရွက်မှု အခြေအနေများကို တင်ပြသည်။

ဖြည့်ဆည်းပေး

ထို့နောက်ဝန်ကြီးက စေတနာအပြည့်အဝထားပြီး လုပ်ငန်းတွင်ကျယ်အောင်ဆောင်ရွက်ရေး၊ လုပ်ငန်းပမာဏကြီးမားသည့် အလျောက် လုပ်ငန်းဆောင်ရွက်ရာတွင် ပေါ့ဆမှုမရှိဘဲ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းအောင် ဂရုပြုဆောင်ရွက်ရေး၊ ပြီးစီးသွားသည့် လမ်းပိုင်းအလိုက် ရထားများစမ်းသပ်ခုတ်မောင်း အသုံးပြုပြီး လမ်းပိုင်း မွမ်းမံထိန်းသိမ်းရေးတို့ကို မှာကြားပြီး လုပ်ငန်းအဖွဲ့များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၄ ရက်တွင် ပွန်ချောင်း–ဘန်းကျောက်–ထီပင်လမ်းပိုင်း ဖောက်လုပ်မှုကိုလည်းကောင်း၊ ထပ်မံဖောက်လုပ်ပြီးစီးခဲ့သော ပွန်ချောင်း–ဘန်းကျောက်လမ်းပိုင်းကို လည်းကောင်း၊ လမ်းပိုင်းအလိုက်ကြံ့ခိုင်ရေး အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ရွှေညောင်–နမ့်စန် ရထားလမ်း ဖောက်လုပ်ရာတွင် ပွန်ချောင်း–ကောင်ဆိုင်းလမ်းပိုင်း ၂၇ဒသမ၅၀ မိုင် ဖောက်လုပ်ရန်ကျန်ရှိရာ ယခုအခါ ၂၃ ဒသမ ၇မိုင် ဖောက်လုပ်ပြီးစီးနေပြီး ၃ ဒသမ ၈မိုင်သာ ဖောက်လုပ်ရန် ကျန်ရှိသည်။ ကျန်ရှိသော လမ်းပိုင်းကို သတ်မှတ်ချိန်အတွင်း အပြီး ဖောက်လုပ်နိုင်ရေးအတွက် တပ်မတော်သားများနှင့် မြန်မာ့မီးရထားဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်ကွန်ပျူတာတက္ကသိုလ် အာစရိယပူဇော်ပွဲ

ရန်ကုန် မေ ၂၃

ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် ကျောင်းသူ ကျောင်းသားဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ယမန်နေ့နံနက် ၁၀နာရီက ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရာ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် သင်ကြားပို့ချခဲ့ကြသည့် ဆရာ ဆရာမများ ပညာသင်ကြားခဲ့ကြသည့် ကျောင်းသူကျောင်းသားဟောင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကန်တော့ခံ ဆရာ ဆရာမကြီးများအား တစ်ဦးချင်း မိတ်ဆက်ပေးကြသည်။ ထို့နောက် ဆရာ ဆရာမကြီးများအား ကျောင်းသူကျောင်းသားဟောင်းများက ဂါရဝပြုကန်တော့ကြပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကြရာ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာကျော်သိန်းက ဆရာ ဆရာမကြီးများကိုယ်စား ဩဝါဒစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းသူကျောင်းသားဟောင်းများ ကိုယ်စား ကျောင်းသားဟောင်း ကိုအေးထွန်းလင်းက အာစရိယပူဇော်ပွဲ ကျင်းပရခြင်းနှင့် ကွယ်လွန်သွားကြသည့် ဆရာ ဆရာမကြီးများအား ရည်စူး၍ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် ကျောင်းသူ ကျောင်းသားဟောင်းများက အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်ရှိ စာသင်သားသံဃာတော် အပါး ၈၀၀ကျော်အတွက် ပဋ္ဌာန်းသင်တန်းစာအုပ် ငွေကျပ် တစ်သိန်းနှစ်သောင်းဖိုး လှူဒါန်းခဲ့ကြောင်း ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျပန်နိုင်ငံ တိုကျိုဘာကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးက ၎င်းကုမ္ပဏီမှ ထုတ်လုပ်သော လူကဲ့သို့စကားပြောနိုင်သည့် စက်ရုပ် မိတ်ဆက်ပြသနေသည်ကို မေ ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ- အင်တာနက်)

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန်နှင့် ဆက်ဆံရေးတိုးမြှင့်ရန် တရုတ်သမ္မတနှင့် ပါလက်စတိုင်းခေါင်းဆောင်တို့ သဘောတူညီ

ပေကျင်း မေ ၂၂

နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ကဏ္ဍစုံနယ်ပယ်တွင် ဆက်ဆံရေးတိုးတက်စေရန် ပူးတွဲဆောင်ရွက်ရေးအတွက် တရုတ်သမ္မတ ဟူကျင်တောင်နှင့် ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အတ်ဘတ်စ်တို့ ပြီးခဲ့သည့် မေ ၁၈ရက်က ပေကျင်းမြို့တွင် တွေ့ဆုံဆွေးနွေးစဉ် သဘောတူညီခဲ့ကြပြီး အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဖြစ်စဉ်များ အနာဂတ်တွင် တိုးတက်မှုရရှိရေးအတွက်လည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၌ မေ ၁၈ရက်က တရုတ်သမ္မတဟူကျင်တောင်နှင့်အတ်ဘတ်စ်တို့ တွေ့ဆုံဆွေးနွေးရာတွင် အပြန်အလှန်ဆက်ဆံရေးနှင့် အရှေ့အလယ်ပိုင်း ကိစ္စရပ်များအပေါ်တွင် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

ကူညီထောက်ပံ့မည်

ပါလက်စတိုင်း ပြည်သူများအတွက် အမြဲတမ်းကူညီထောက်ပံ့မှုများကို တရုတ်အစိုးရနှင့် ပြည်သူများက ပေးမည်ဖြစ်ကြောင်း တရုတ်သမ္မတ ဟူကျင်တောင်က ပြောကြားသည်။

ရေရှည်စီမံကိန်း

တရုတ်နှင့် ပါလက်စတိုင်းအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးဖွံ့ဖြိုးရန် ရေရှည်စီမံကိန်းတစ်ရပ်အဖြစ် ဆောင်ရွက်ရေး၊ တရုတ်အစိုးရက ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း သမ္မတဟူကျင်တောင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗီယက်နမ်ဆေးရုံများ အဆင့်မြှင့်ရန် ဒေါ်လာ ၅၃၈ သန်းခန့် သုံးစွဲမည်

ဟနွိုင်း မေ ၂၂

လာမည့်သုံးနှစ်အတွင်း ဆေးရုံများအဆင့်မြှင့်ရေးနှင့် ကျန်းမာရေး အလုပ်သမားများအား ပိုမိုလေ့ကျင့်သင်ကြားပေးရေးတွင် ဗီယက်နမ်နိုင်ငံသည် ဗီယက်နမ်ဒေါင်ငွေ(ဗွီအင်န်ဒီ)၈ဒသမ၅ထရီလီယံ(အမေရိကန်ဒေါ်လာ ၅၃၈ သန်းခန့်) သုံးစွဲသွားမည် ဖြစ်သည်။

ဆေးရုံခုတင်များ အရေအတွက်တိုးမြှင့်ရန်နှင့် ဆေးရုံပစ္စည်းများ အဆင့်မြှင့်ရန်ငွေကြေးအများစုကို သုံးစွဲမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မေ ၁၉ရက် ကြာသပတေးနေ့၌ ပြောကြားသည်။၂၀၀၅-၂၀၀၈ခုနှစ်ကာလအတွင်း ဗီယက်နမ်နိုင်ငံတစ်ဝန်းရှိ ခရိုင်များတွင် အထွေထွေဆေးရုံ၆၂၂ရုံနှင့် ဆေးပေးခန်း ၅၆၆ခန်းတွင်ဆေးရုံခုတင်များနှင့် ဆေးရုံပစ္စည်းများကို တိုးမြှင့်သွားမည် ဖြစ်သည်။ခရိုင်တစ်ခုစီ၌ ဆေးရုံခုတင်များကို ၅၀မှ၂၀၀ထိ တိုးသွားမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၏ ဗဟိုနှင့် ဒေသဆေးရုံများတွင် ခုတင်များနှင့် ခေတ်မီဆေးဘက်ဆိုင်ရာပစ္စည်းများ မလုံလောက်မှုနှင့် ကြုံနေရသည်။

ယခုအခါ ဆေးရုံရှိ ပစ္စည်းများမှာ နှစ်၅၀နီးပါးရှိပြီး သက်တမ်းအိုမင်းရင့်ရော်နေပြီဖြစ်ကြောင်းသိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပြည်တွင်းလုံခြုံရေးကို အဓိကခြိမ်းခြောက်သောအကြမ်းဖက်မှုများ ဂျာမနီနိုင်ငံက ပိုမိုပြင်းထန်စွာ ဆန့်ကျင်သွားမည်

ဘာလင် မေ ၂၂

နိုင်ငံ၏ပြည်တွင်းလုံခြုံရေးကိုအဓိကခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သောအကြမ်းဖက်မှုများကို ဂျာမနီနိုင်ငံက ပိုမိုပြင်းထန်စွာ ဆန့်ကျင်သွားမည်ဟု ပြည်ထဲရေးဝန်ကြီး အော့တိုရှုချီလီက အင်္ဂါနေ့၌ ပြောကြားလိုက်သည်။

ပြောကြား

ပြီးခဲ့သည့် ဒီဇင်ဘာလ၌အလည်အပတ်လာသော အီရတ်ဝန်ကြီးချုပ် အေယက်ဒ်အာလာဝီအား တိုက်ခိုက်ရန်ကြံစည်ခြင်းသည် ဂျာမနီနိုင်ငံသည် အကြမ်းဖက်ခြိမ်းခြောက်မှု အန္တရာယ်ဒေသတစ်ခုဖြစ်ကြောင်း ဖော်ပြသည်ဟု သတင်းစာရှင်းပွဲ၌ ဝန်ကြီးက ပြောကြားသည်။

စိုးရိမ်

ထို့ပြင် ဝန်ကြီးက နာဇီလိုလားသူများနှင့် လက်ယာလှုပ်ရှားမှုကြီးထွားလာခြင်းကို စိုးရိမ်ကြောင်းပြောကြားသည်။

ဖော်ပြထား

ဂျာမန်ပြည်တွင်း လုံခြုံရေးအေဂျင်စီက ထုတ်ပြန်သော နှစ်ပတ်လည်အစီရင်ခံစာ၌ လက်ယာအစွန်းရောက်များ အရေအတွက် ကျဆင်းသော်လည်း ပြီးခဲ့သည့်နှစ်၌ နာဇီလိုလားသူများ ကျူးလွန်သည့် ရာဇဝတ်မှု တိုးလာကြောင်း ဖော်ပြထားသည်။

ကျူးလွန်ခဲ့

၂၀၀၄ခုနှစ်အတွင်း၌ လက်ယာအစွန်းရောက်များ ကျူးလွန်သည့် ရာဇဝတ်မှု ၁၂၀၅၁ မှုရှိခဲ့ပြီး ၂၀၀၃ ခုနှစ်က ၁၀၇၉၂မှု ကျူးလွန်ခဲ့ကြောင်း၊ နာဇီလိုလားသူများ ကျူးလွန်သည့် ရာဇဝတ်မှုသည်လည်း ၂၀၀၃ခုနှစ်တွင် ၇၅၉မှုရှိခဲ့ရာမှ ပြီးခဲ့သည့် နှစ်၌ ၇၇၆ မှုထိ တိုးလာခဲ့ကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။**အမ်အင်အေ၊ဆင်ဟွာ**

အိန္ဒိယနိုင်ငံ အန်ဒရာပရာဒေ့ရှ်၌ အပူလှိုင်းကျရောက်

နယူးဒေလီ မေ ၂၁

အိန္ဒိယနိုင်ငံ အန်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် အပူချိန် ၄၅ဒီဂရီ ဆဲလ်စီယာ့စ်ရှိသော အပူလှိုင်း ကျရောက်လျက်ရှိရာ လူခုနစ်ဦးထက် မနည်းသေဆုံးကြောင်း အင်ဒို-အာရှသတင်းဌာနက သတင်းဖော်ပြသည်။

ပြည်နယ်အတွင်း တီလန်ဂါနာဒေသရှိနီဇာမာဘတ်မြို့သည် အပူပြင်းဆုံးဒေသဖြစ်ပြီး မေ၁၆ရက်နေ့၌ ၄၅ ဒသမ ၅ဒီဂရီဆဲလ်စီယာစ်ရှိခဲ့သည်။

အဆိုပါဒေသတွင်းရှိ နာလ်ဂွန်ဒါမြို့၌ ၄၄ဒသမ ၈ဒီဂရီရှိပြီး ရာမာဂန်ဒင်မ်၌ ၄၄ဒသမ၃နှင့် မီဒယ်၌ ၄၄ဒသမ ၂အသီးသီးရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော ကားတစ်စီးကို မေ ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထပ်မံပြုလုပ်မည့် နျူကလီးယားဆိုင်ရာ ဆွေးနွေးပွဲ နောက်ဆုံးအခွင့်အရေးဖြစ်မည်ဟု အီးယူအား အီရန်သတိပေး

တီဟီရန် မေ ၂၂

တန့်နေသော နျူကလီးယားဆွေးနွေးပွဲများ မပျက်ပြားစေရန် နှစ်ဖက်စေ့စပ် ဆွေးနွေးသူများ၏ ထပ်မံပြုလုပ်မည့် အစည်းအဝေးသည် နောက်ဆုံးအခွင့်အရေးဖြစ်မည်ဟု ဥရောပသမဂ္ဂ(အီးယူ)အား မေ၂၂ရက်နေ့၌ အီရန်နိုင်ငံက သတိ ပေးလိုက်သည်။

ပြောကြား

အီရန်နိုင်ငံသည် ဥရောပသုံးနိုင်ငံဖြစ်သော ပြင်သစ်၊ဂျာမနီနှင့် ဗြိတိန်နိုင်ငံတို့၏ တောင်းဆိုချက်အရ နောက်ထပ်တစ်ကြိမ် ထပ်မံဆွေးနွေးရန် ဆုံးဖြတ်ထားကြောင်း၊လာမည့်ဆွေးနွေးပွဲသည် နောက်ဆုံး အခွင့်အရေးဖြစ်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရှိသူ ဟာမစ်ရီဇာအာဆေဖီက အပတ်စဉ်သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

မေတ္တာရပ်ခံ

အီရန်နိုင်ငံ၏ ဆုံးဖြတ်ချက်သည် ကုလသမဂ္ဂ၊ စပိန်၊ ဂျပန်၊ တောင်အာဖရိက၊ မလေးရှားနှင့် ရုရှားနိုင်ငံတို့ပါဝင်သော နိုင်ငံတကာအသိုင်းအဝိုင်း၏ မေတ္တာရပ်ခံချက်အရလည်း ဖြစ်ကြောင်း အာဆေဖီက ပြောကြားသည်။

အတည်ပြု

ထိုအတောအတွင်း အီရန်နိုင်ငံ၏ အငြင်းပွားခဲ့သော နျူကလီးယား အစီအစဉ်နှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲများ လမ်းပွင့်စေရန်အတွက် လွှန်ခဲ့သည့် နိုဝင်ဘာလတွင် ရပ်ဆိုင်းခဲ့သည့် ယူရေနီယံ သန့်စင်ရေး ဆောင်ရွက်မှုများ ပြန်စရန် အစိုးရအား ဖိအားပေးသည့် ဥပဒေကြမ်းကို အီရန် ပါလီမန်က အတည်ပြုခဲ့သည်။

ကြေညာခဲ့

ဆွေးနွေးပွဲများ ကြန့်ကြာခဲ့သည့်အတွက် အီးယူကို ပြစ်တင်ပြောဆိုပြီး ရပ်ဆိုင်းထားသော ယူရေနီယံသန့်စင်ရေးလုပ်ငန်းများ ပြန်စမည်ဖြစ်ကြောင်း အီရန်က ကြေညာခဲ့သည်။

ကြိုးပမ်းခဲ့ကြ

အီးယူ၏ ဩဇာရှိသော နိုင်ငံများဖြစ်သည့် ပြင်သစ်၊ ဗြိတိန်နှင့် ဂျာမနီတို့က စီးပွားရေးနှင့် နိုင်ငံရေး မက်လုံးများပေးပြီး ယူရေနီယံ သန့်စင်ရေး အစီအစဉ်ကို စွန့်လွှတ်ရန် အီရန်အား ဖျောင်းဖျရန် ကြိုးပမ်းခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်နှင့်တူရကီ နယ်စပ်ဂိတ်ဖွင့်လှစ်ရေး သဘောတူညီ

အန်ကာရာ မေ ၂၂

တူရကီဝန်ကြီးချုပ်ရီဆက်တေယစ်ပ်အာဒိုဂန်နှင့် တူရကီနိုင်ငံ၌အလည် ရောက်ရှိနေသော အီရတ်ဝန်ကြီးချုပ် အီဘရာဟင်အယ်လ်ဂျာဖာရီတို့ ဆွေးနွေးကြစဉ် နယ်စပ်ဂိတ်သစ်ဖွင့်ရေးနှင့် ပတ်သက်၍ သဘောတူချက်ရရှိခဲ့ကြပြီးနောက် တူရကီနိုင်ငံက နယ်စပ်ဂိတ်သစ်ကို ဖွင့်သွားမည်ဖြစ်ကြောင်း အင်န်နာတိုလီယာသတင်းဌာနက မေ ၂၀ရက်၌ သတင်းဖော်ပြလိုက်သည်။

ဖော်ပြ

နယ်စပ်ဂိတ်သည် တူရကီနိုင်ငံအရှေ့တောင်ပိုင်း၊ ဆာနက်စ်ပြည်နယ်၏ စီလိုပီမြို့တွင် ရှိမည်ဟု သတင်း၌ ဖော်ပြသည်။

လိုက်ပါ

ဂျာဖာရီသည် လွန်ခဲ့သည့်လ၌ ဝန်ကြီးချုပ်တာဝန်ယူခဲ့ချိန်မှ စပြီး ပထမဆုံးနိုင်ငံခြားခရီးတွင် အန်ကာရာသို့ ကြာသပတေးနေ့ ညပိုင်း၌ ရောက်ရှိခဲ့သည်။ ၎င်းနှင့်အတူ ကုန်သွယ်ရေး၊ ဘဏ္ဍာရေး၊ ရေနံ၊ လျှပ်စစ်နှင့် စက်မှုလုပ်ငန်းဝန်ကြီးတို့လည်း လိုက်ပါခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်စည်းဝေး မြို့နယ်အလိုက်လှုပ်ရှားမှု ဆုရမြို့နယ်များအား ဆုများပေးအပ်ချီးမြှင့်

ရန်ကုန် မေ ၂၃

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို မေ ၁၄ ရက် နံနက်၁၀နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်ဇနီး၊ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

အဖွင့်အမှာစကားပြောကြား

အခမ်းအနားတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၀၄ ခုနှစ် မြို့နယ်အသင်းများအလိုက် လှုပ်ရှားမှုနှစ်သိမ့်ဆုရရှိသည့် ခန္တီးမြို့နယ်၊ တမူးမြို့နယ်၊ ကလေးမြို့နယ်များအား တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်ရီရီလွင်က ဆုများချီးမြှင့်ပေးသည်။

ဆုများချီးမြှင့်

ဆက်လက်ပြီး အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၏ဇနီး ဒေါ်အေးအေးက နှစ်သိမ့်ဆုရရှိသည့် ကသာမြို့နယ်၊ဟုမ္မလင်းမြို့နယ်၊ မြင်းမူမြို့နယ်များအား ဆုများချီးမြှင့်ပေးသည်။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ဝေဝေခိုင်က မြို့နယ်အလိုက် လှုပ်ရှားမှု တတိယဆုရ ရွှေဘိုမြို့နယ်၊ ဒုတိယဆုရ မော်လိုက်မြို့နယ်နှင့် ပထမဆုရ မုံရွာမြို့နယ်များအား ဆုများချီးမြှင့်သည်။

ဆက်လက်ပြီး တိုင်းမှူးက စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များဖြစ်သည့် တိုင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာကျော်ရှိန်၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်ရီရီလွင်၊ တိုင်းပညာရေးမှူး ဦးတိုးမောင်၊ တိုင်းလူမှုဝန်ထမ်းဦးစီးမှူး ဒေါ်ခင်ခင်ပြုံး၊ ဒေါက်တာဒေါ်ခင်သန်းနွယ်၊ ဘဏ္ဍာရေးမှူး ဒေါ်သန်းသန်းဦး၊ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်သိန်း၊ ခရိုင်အတွင်းရေးမှူး ဒေါက်တာသန်းထွန်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာကြည်ကြည်မာတို့အား ဂုဏ်ပြုဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

အလှူငွေပေးအပ်

ထို့နောက် အလှူရှင်များက တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ အလှူငွေများပေးအပ်ရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကို တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်ကလည်းကောင်း၊ ဟွန်ဒါမြန်မာကုမ္ပဏီ ဦးတင်မောင်က လှူဒါန်းသည့် ငွေသိန်း ၆၀ နှင့် ဝင်းယူနတီ ဦးတင်ဝင်းက ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဦးကျော်ရှိန်က လက်ခံသည်။

ဆက်လက်ပြီး ရွှေလွန်းပုံဇက်ကူးတို့လုပ်ငန်း ဦးမျိုးဝင်း၊ ဦးသန်းထွန်းတို့က ငွေကျပ် ငါးသိန်း၊ ရှယ်ကုမ္ပဏီလီမိတက်မှ ငွေကျပ်ငါးသိန်း၊ ခနအောင်ကုမ္ပဏီ ဦးစိုးသိန်းက ငွေကျပ်သုံးသိန်း အသီးသီးပေးအပ်လှူဒါန်းကြရာ ခရိုင်ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာသန်းထွန်းကလက်ခံသည်။ ရှယ်ကုမ္ပဏီလီမိတက်မှ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့သို့ ငွေကျပ် ငါးသိန်း လှူဒါန်းရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်က လက်ခံသည်။

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်က ပထမဆုရ မုံရွာမြို့နယ်အား ဆုချီးမြှင့်စဉ်။
(ခရိုင် ပြန်/ဆက်)

ရှင်းလင်းတင်ပြ

နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပရာ တိုင်းအတွင်းရှိ ခရိုင်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ် အသင်းဥက္ကဋ္ဌများက မိမိတို့ ခရိုင်၊ မြို့နယ်အလိုက် လှုပ်ရှားဆောင်ရွက်မှုများကို အသီးသီးတင်ပြကြပြီး တိုင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဦးကျော်ရှိန်က ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြပြီး အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်က နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(ခရိုင် ပြန်/ဆက်)**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေး ဌာနတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဗိုလ်မှူးကြီး အောင်သန်းဝင်းသည် မေ၁၉ရက် မွန်းလွဲ၁နာရီက ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ၃၈လမ်း ပလာဇာရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ရုံးခန်းမတွင် ကျင်းပသည့် ဌာနတွင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။**(အောက်ပုံ)**

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဌာနမှူး ဦးလင်းထွန်းမြင့်၊ ဒုတိယဌာနမှူး ဦးသန်းလွင်ဦးနှင့် အရာရှိများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(မြို့တော်စည်ပင်)**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီး တလုပ်လှငါးမွေးမြူရေးစခန်းစစ်ဆေး ငါးသားဖောက်ရာသီချိန်မီ ငါးမျိုးသစ်မျိုးငါးများစုဆောင်းထားရန် မှာကြား

ရန်ကုန် မေ ၂၃

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း၊ မွေးမြူရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းတို့ လိုက်ပါလျက် မေ ၂၂ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း မအူပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန တလုပ်လှ ငါးမွေးမြူရေးစခန်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် ဝန်ကြီးက ငါးသားဖောက်ရာသီချိန်မီ ငါးမျိုးသစ်မျိုးငါးများ ထပ်မံစုဆောင်းရေး၊ ပတ်ဝန်းကျင်မွေးမြူရေးစခန်းများအတွက် ငါးသားပေါက်များအချိန်မီ ပြည့်ဝစွာရရှိရေးဆွေးနွေးမှာကြားပြီး စခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် မအူပင်မြို့နယ် ကွန်တိုင်းကလေးကျေးရွာတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ဖော်ထုတ်တူးဖော်ပြီးစီးနေသည့် မြေဧက ၃၀၀ တွင် ရေချိုအသားတိုးမွေးမြူမည့်ကန်များ တူးဖော်ပြီးစီးနေသည့်အခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး စခန်းယာယီရှင်းလင်းဆောင်တွင် မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးဦးတင်ထွန်းအောင်က ငါးသန်၊ ငါးဖျန်းပြုစုကန်၊ ငါးအသားတိုးမွေးမြူကန်များနှင့် ရေသွင်းရေထုတ်ပြုလုပ်နိုင်မည့်အခြေအနေ၊ ကုန်ထုတ်လမ်းအဖြစ် သုံးမည့်ရေလမ်းကြောင်း အခြေအနေများအား မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက ယခုရာသီအချိန်မီကန်များအားလုံး ငါးထည့်သွင်းမွေးမြူရေး၊ သဘာဝပတ်ဝန်းကျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ငါးမွေးမြူရေးကန်နှင့် ငါးမွေးကန်လုပ်သားများ၏ လုံခြုံရေး၊ စားဝတ်နေရေး စီမံဆောင်ရွက်ရမည့် အခြေအနေများ ဆွေးနွေးမှာကြားသည်။

ထို့နောက် အဆိုပါ ငါးအသားတိုးမွေးမြူရေးစခန်း၏ ဆက်သွယ်သွားလာနိုင်မည့်ကုန်ထုတ်လမ်းကြောင်း တူးဖော်ရမည့်အခြေအနေအား သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မအူပင်ရေနက်ကွင်းရှိ ထိပ်ဆုံးမှ အောင်နိုင်မှုလီမိတက်(Top Success Ltd.)၏ ငါးအသားတိုးမွေးမြူရေးစခန်းသို့လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဝါးတောငါးမွေးမြူရေးစခန်းသို့လည်းကောင်း ရောက်ရှိပြီး အဝေးကြည့်မျှော်စင်မှ ငါးမွေးမြူရေးကန်များ ဆောင်ရွက်ထားမှုအခြေအနေ၊ ဖော်ယူရောင်းချပြီးသည့် ငါးမွေးမြူရေးကန်များ၊ ထပ်မံမွေးမြူနိုင်ရန် ပြုပြင်ထားမှုအခြေအနေနှင့် ငါးမြစ်ချင်းမျိုးသစ် မွေးမြူဖော်ယူပြီးစီးမှုအခြေအနေများကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်အပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

နေ့လယ်ပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို) ဖြိုးရောကုမ္ပဏီလီမိတက်၏ အမှတ်(၂)ငါးမွေးမြူရေးစခန်း(ဝါးတော)သို့ ရောက်ရှိပြီး ဖြိုးရောကုမ္ပဏီလီမိတက် ငါးမွေးမြူရေးစခန်းများ၏ မွေးမြူထားရှိမှုအခြေအနေ၊ အမှတ်(၂)ငါးမွေးမြူရေးစခန်း(ဝါးတော)၏ အသားတိုးငါးများ၏ ကြီးထွားနှုန်းကောင်းမွန်မှု အခြေအနေများအား စခန်းတာဝန်ခံနှင့် တာဝန်ရှိသူများ၏တင်ပြချက်အပေါ် ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး စခန်းဆောင်ရွက်ထားရှိမှုနှင့်ငါးအသားတိုးမွေးမြူရေးကန်များအားလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၄-၅-၂၀၀၅
(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၀ ၈။ အကပြိုင်ပွဲ
- ၈:၂၀ ၉။ ဂုံညင်းတန်းတံတား
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ Happy and Educational English Summer Course MRTV
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ပထဝီဝင်အထူးပြု) (ရုက္ခဗေဒ)
- ၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၃၀ ၇။ ခံစားနားဆင် တေးဇာတ်ဝင်
- ၁၇:၄၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၁၅ ၉။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း-၉၆)
- ၁၈:၃၀ ၁၀။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၂။ တေးဂီတအစီအစဉ်
- ၁၉:၂၀ ၁၃။ ခွဲထွက်ဖို့အကြံ တို့လက်မခံ၊ အမုန်တင်ပြ ပြည်သူ့ဆန္ဒ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့
- ၁၉:၃၅ ၁၄။ ကြေးမုံရိပ်သွင် တေးနယ်ဉ်
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟောမန်ဆောင်း၏ ချစ်သံစဉ်"** (အပိုင်း-၂၀)
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

လွန်ခဲ့သော ရှစ်နှစ်ကထက်စာလျှင် ဘိန်းထုတ်လုပ်မှု ၈၈ ရာခိုင်နှုန်းကျဆင်း မြန်မာနိုင်ငံအနေဖြင့် ဘိန်းပပျောက်ရေး မိမိအင်အားဖြင့် အစွမ်းကုန်ကြိုးပမ်းလျက်ရှိ MoU ခြောက်နိုင်ငံ ပေါင်းစည်းပြီး မူးယစ်ကင်းမဲ့ဒေသဖြစ်ရေးဖော်ဆောင်နိုင် ခြောက်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအစည်းအဝေး၌ ပြောကြား

ရန်ကုန် မေ ၂၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းသည် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ယိမြို့၌ ၂၀၀၅ခုနှစ် မေ ၁၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ဒေသတွင်းနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့် ခြောက်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မေ ၂၁ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ဒေသတွင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့် ခြောက်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဝန်ကြီးအဆင့်အစည်းအဝေးကျင်းပသည့် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ယိမြို့ Apsara Hotel တွင် မေ ၁၉ရက် နံနက်ရနာရီခွဲ၌ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. Samdach Hun Sen က အစည်းအဝေး တက်ရောက်လာသည့် မြန်မာ၊ တရုတ်၊ ကမ္ဘောဒီးယား၊လာအို၊ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအား လက်ခံတွေ့ဆုံ နှုတ်ဆက်ပြီး နံနက်၉နာရီတွင် ၎င်းဟိုတယ်၏ Apsara Conference Hall II ခန်းမတွင် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး မိန့်ခွန်းပြောကြား၍ ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ဒေသတွင်း နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားသည့် ခြောက်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ဝန်ကြီးအဆင့် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက နိုင်ငံအလိုက် မူးယစ်ဆေးဝါးကာကွယ်နှိမ်နင်းရေး ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးကြသည်။**(အပေါ်ယာပုံ)**မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းထွန်းက ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေးကို မိမိနိုင်ငံအစီအစဉ်ဖြင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင် မူးယစ်ဆေးဝါးထုတ်လုပ်မှုတိုက်ဖျက်ရာတွင် နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ လူနေမှုဘဝမြှင့်တင်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်မူးယစ်ဆေးဝါးပပျောက်ရေး၁၅နှစ်စီမံကိန်းကို ၁၉၉၉ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ ငါးနှစ်စီမံကိန်းသုံးခုဖြင့်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ဒုတိယငါးနှစ်စီမံကိန်းကို အကောင်အထည် ဖော်လျက်ရှိပါကြောင်း၊ အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ခြင်းကြောင့် ၂၀၀၄ ခုနှစ်တွင် ၂၀၀၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ဘိန်းစိုက်ပျိုးမှု ၃၄ ရာခိုင်နှုန်းခန့် ကျဆင်းသွားပါကြောင်း၊ လွန်ခဲ့သည့် ရှစ်နှစ်ကထက်စာလျှင် ဘိန်းထုတ်လုပ်မှုသည် တန်၂၅၆၀မှ ၂၉၂တန်သို့ ၈၈ ရာခိုင်နှုန်းကျဆင်းသွားကြောင်း။

အမေရိကန် ပြည်ထောင်စု၏ ၂၀၀၅ခုနှစ် Us Government Drug Strategy Reportတွင်ဖော်ပြထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘိန်းပပျောက်ရေး ၁၅နှစ်စီမံကိန်း အောင်မြင်ရေးကို မိမိအင်အားဖြင့်အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိဆောင်ရွက်လျက်ရှိသော Sub-Regional Action Plan ဒေသခွဲအတွင်း လုပ်ငန်းစီမံကိန်းများသည် MoUခြောက်နိုင်ငံတို့အားပေါင်းစည်း၍ ဒေသခွဲအတွင်းမူးယစ်ကင်းမဲ့ဒေသဖြစ်လာစေရန်ပူးပေါင်းတိုက်ဖျက်မှုကိုဖော်ဆောင်နိုင်လျက်ရှိပါကြောင်း၊ သို့ပါ၍ UNODC ၏နည်းပညာ ပံ့ပိုးမှုကိုလည်းကောင်း၊ အလှူရှင်နိုင်ငံများတို့၏ ပံ့ပိုးမှုကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ MoU နိုင်ငံများနှင့်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဆွေးနွေးခဲ့သည်။

တက်ရောက်

ဝန်ကြီးအဆင့် အစည်းအဝေး မတိုင်မီ မေ ၁၅ရက်မှ ၁၆ရက်အထိ ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် အာဆီယံနှင့်တရုတ် မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေး နိုင်ငံတကာညီလာခံ အကြိုညှိနှိုင်းအစည်းအဝေး၊ မေ ၁၇ရက်မှ ၁၈ရက်အထိကျင်းပပြုလုပ်သည့်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးသည့် ခြောက်နိုင်ငံမူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အဆင့်မြင့်အရာရှိများ အစည်းအဝေးများသို့ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက် အတွင်းရေးမှူး ရဲမှူးကြီးခမ်းအောင်၊ ညွှန်ကြားရေးမှူး (နိုင်ငံတကာ) ရဲမှူးကြီး သိန်းကြည်၊နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညီညီတို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၂၂ ရက်က လမ်းမတော်မြို့နယ် အမှတ်(၄)ရပ်ကွက် ၁၀ လမ်းထိပ်ပြည်လုံးချမ်းသာ မဟာဝိဇ္ဇာကစေတီတော်ရှိ ဗောဓိရွှေညောင်ပင်တွင် ညောင်ရေသွန်းပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သန်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ဆွေမောင်နှင့် ရပ်မိရပ်ဖများ ညောင်ရေသွန်းလောင်းကြစဉ်။ (၃၈၇)

ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဖိတ်ကြားချက်အရ အီဂျစ်အာရှရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ရောက်ရှိ

ရန်ကုန် မေ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဖိတ်ကြားချက်အရ အီဂျစ်အာရှရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာအီဇက်၊ဆတ်(ဒ်)၊အယ်လ်ဆရစ် ဦးဆောင်သော အီဂျစ်ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယမန်နေ့ညပိုင်းက လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

အီဂျစ်အာရှရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ အီဂျစ်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ စီးပွားရေးပညာရှင် မစ္စစ်ယာစ်စမင်မာမွတ် လိုက်ပါလာသည်။

ကြိုဆိုနှုတ်ဆက်

အီဂျစ်အာရှရေးရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာအီဇက်၊ဆတ်(ဒ်)၊အယ်လ်ဆရစ် ဦးဆောင်သော အီဂျစ်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာမိုဟာမက်၊မိုဟာမက်မီနေစီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ အီဂျစ်သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ကျိုက္ကစံဆံတော်ရှင်စေတီတော် ကဆုန်ညောင်ရေသွန်း

ရန်ကုန် မေ ၂၃

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သမိုင်းဝင် ကျိုက္ကစံ ဆံတော်ရှင်ဆုတောင်းပြည့် စေတီတော်မြတ်ကြီးတွင် ဂေါပကအဖွဲ့က ကြီးမှူး၍ (၁၀၅)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို မေ ၂၂ရက် နံနက် ၇နာရီတွင်စတင်ကျင်းပသည်။ အစီအစဉ်အရ သာသနာရေး ဘာသာရေး အသင်းအဖွဲ့များက ဒေဝါဝင်း၊ ရာဇာဝင်းများခင်းကာ စေတီတော်မြတ်ကြီးကို လှည့်လည်ပူဇော်၍ ညောင်ရေများကို အင်္ဂါထောင့် ဗောဓိညောင်ပင်တွင် စုပေါင်း ရေသွန်းလောင်းကာ အခမ်းအနားကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(၅၃၇)**

အာဆီယံဒေသအတွင်း ကုန်ပစ္စည်းအမျိုးအစား ခွဲခြားသတ်မှတ်ခြင်း စည်းဝါးညီစနစ်ဆိုင်ရာ ပြန်လည်သုံးသပ်ရေးနှင့် နည်းပညာကော်မတီစည်းဝေး

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ဒုတိယအကြိမ်မြောက် အာဆီယံဒေသအတွင်း ကုန်ပစ္စည်းအမျိုးအစား ခွဲခြားသတ်မှတ်ခြင်း စည်းဝါးညီစနစ်ဆိုင်ရာ ပြန်လည်သုံးသပ်ရေးနှင့် နည်းပညာကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ စတင်ကျင်းပသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးကို ယနေ့မှ မေ ၂၇ ရက်အထိ ကုန်သည်ကြီးများဟိုတယ်၌ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

ဘဏ်လုပ်ငန်းညှိနှိုင်းဆွေးနွေး

ရန်ကုန် မေ ၂၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်၊ တိုင်းမန်နေဂျာများ၏ ဘဏ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ဘဏ်ခွဲ(၁)သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးဦးဆန်းထွန်းနှင့် အထွေထွေမန်နေဂျာများ၊ ဒုတိယအထွေထွေမန်နေဂျာများ၊လက်ထောက်အထွေထွေ မန်နေဂျာများ၊ ပြည်နယ်၊ တိုင်းမန်နေဂျာများနှင့် ရုံးချုပ်ဌာနကြီးများမှ မန်နေဂျာများ တက်ရောက်ကြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆန်းထွန်းက အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငါးရစ်၊ ငါးသန် ရာသီချိန်တွင် ငါးမဖမ်းရန် ပညာပေးနှိုးဆော်ချက်(၁/၉၇)

ငါးရစ် ငါးသန်၊ ဘေးမဲ့ချန်၊ ပုံမှန်စားသုံး၊ မျိုးမတုံး

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း၊ အင်းအိုင်အနံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝသော ငါးထီးကြီးများသည် ဥချရန်နေရာရှာဖွေ၍ ငါးရစ်တတ်ကြပါသည်။

ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော နုနယ်လှသည့် သားပေါက်ငါးသန်များသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ(၄၅)အရ ဖမ်းဆီးတရားစွဲအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသန်သားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချ သားပေါက် နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

သတ္တုတွင်းဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် မေ ၂၃

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Ju-Heum သည် မေ ၂၀ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ ကံဘဲ့လမ်းရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံ

ယင်းသို့ တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နွေရာသီယဉ်ကျေးမှုသင်တန်း အောင်လက်မှတ်ပေးအပ်

ရန်ကုန် မေ ၂၃

ဗဟန်းမြို့နယ် သာသနာ့ရိပ်သာရပ်ကွက်ရှိ မဟာစည်သာသနာ့ရိပ်သာ နွေရာသီ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း အောင်မြင်သူများအား ဂုဏ်ပြုလွှာ ပေးအပ်ပွဲကို မေ ၂၂ ရက်က ရိပ်သာရှိ ဖလ်ယဉ်ဓမ္မာရုံ၌ ကျင်းပရာ မဟာစည် သာသနာ့ရိပ်သာ နာယကဆရာတော်များ၊ သင်တန်း ပို့ချပေးသော သံဃာတော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး အောင်လက်မှတ်နှင့် ဂုဏ်ပြုလွှာများ ပေးအပ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ထစ်ချုန်းရွာနိုင်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲနှင့် ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုတာဝန်များ ဝန်ထမ်းများအားလုံး ဖြောင့်မတ်မှန်ကန် တာဝန်သိစွာဖြင့်ဆောင်ရွက်

ရန်ကုန် မေ ၂၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၂၀၀၅ ခုနှစ် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှု(၁)လမ်းရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါအခမ်းအနားသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ပြည်နယ်၊တိုင်းအခွန်ဦးစီးဌာနမှူးများ၊ မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်၊တိုင်း မန်နေဂျာများနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တာဝန်သိစွာဆောင်ရွက်

ရှေးဦးစွာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် ၂၀၀၅ ခုနှစ် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ခဲ့သည့် လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာဖော်ထုတ် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန်လိုအပ်ကြောင်း၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများ၊ အစီအမံများကို တင်ပြဆောင်ရွက်ကြရန်နှင့် လုပ်ငန်းရည်မှန်းချက်အလိုက် လျာထားချက်ပြည့်မီကျော်လွန်အောင် ဖိဖိစီးစီး ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ငွေရေးကြေးရေးကို တာဝန်ယူရသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ထွန်းစေရေးအတွက် စီမံကိန်းများ၊ နည်းလမ်းများချမှတ်ကာ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုတာဝန်များကို ဝန်ထမ်းများအားလုံး ဖြောင့်မတ်မှန်ကန် တာဝန်သိစွာဖြင့်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း အကျယ်တဝင့်ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပင်စင်ဦးစီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံးတို့မှ ဌာနအကြီးအကဲများက မိမိတို့ဌာနအလိုက် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအပေါ် သုံးသပ်တင်ပြကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်၊တိုင်း မန်နေဂျာများက ဒေသအလိုက် လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်ချက်နှင့်တကွ မှာကြားခဲ့သည်။

အစည်းအဝေးကို ဒုတိယနေ့ အစီအစဉ်အဖြစ် မေ ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅) ကျင်းပ အစီရင်ခံစာပါလုပ်ငန်းကဏ္ဍကြီး (၅) ရပ်နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြ

ရန်ကုန် မေ ၂၃

မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကို ယမန်နေ့နံနက် ၇ နာရီခွဲတွင် မကွေးတိုင်း မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ မကွေးတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ နာယက မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစစ်မြိုင်(ငြိမ်း)၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မကွေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်းနှင့် တိုင်း၊ ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မကွေးတိုင်းအတွင်းရှိ မြို့နယ် ၂၅ မြို့နယ်တို့မှ မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)တွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မကွေးတိုင်း စစ်မှုထမ်းဟောင်း အဖွဲ့အကြိုညီလာခံ(၂၀၀၅)တွင် အခမ်းအနားမှူးအဖြစ် တပ်မတော်ဆေးရုံ ခုတင်(၁၀၀)မှ ဗိုလ်ကြီးရီရီမြင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဗိုလ်စိုးမိုးယဉ်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးက အကြိုညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၃၂၅ ဦးရှိသည့်အနက် ၃၂၀ ဦး တက်ရောက်၍ ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၇၇ ရာခိုင်နှုန်းရှိသဖြင့် အကြိုညီလာခံ အထမြောက်ကြောင်း ကြေညာသည်။

အမှာစကားပြော

ယင်းနောက် မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ နာယက မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကားပြောကြားပြီး ညီလာခံပထမပိုင်းကို ခေတ္တရပ်နားသည်။

ထို့နောက် မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅) ဒုတိယပိုင်းကို နံနက် ၈ နာရီတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မကွေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးညိုဝင်းမြင့်(ငြိမ်း) က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မကွေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ကြီးလှမင်း(ငြိမ်း)နှင့် ဗိုလ်ကြီးချိုထွန်း (ငြိမ်း)တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ မကွေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ညိုဝင်းမြင့်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားသည်။

ဖတ်ကြားတင်သွင်း

ယင်းနောက် မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅) အစီရင်ခံစာကို တိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ကြီးခင်မောင်မြင့် (ငြိမ်း)နှင့်ဗိုလ်ကြီးကျော်ငွေ (ငြိမ်း)တို့က ဖတ်ကြားတင်သွင်းကြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံသို့ တင်သွင်းသည့် အစီရင်ခံစာပါ လုပ်ငန်းကဏ္ဍကြီး(၅)ရပ်နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ မကွေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးမောင်မောင်ညွှန့် (ငြိမ်း)က "အမျိုးသား နိုင်ငံရေးကဏ္ဍ" ကိုလည်းကောင်း၊ မကွေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင် ဗိုလ်ကြီးမောင်မောင်သန်း (ငြိမ်း)က "နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ"ကိုလည်းကောင်း၊ မကွေးခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးဇော်ဝင်း (ငြိမ်း)က "စီးပွားရေးကဏ္ဍ"ကိုလည်းကောင်း၊ မင်းဘူးခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်ကြီးမြင့်လွင် (ငြိမ်း) က "လူမှုရေးနှင့် သက်သာချောင်ချိရေး လုပ်ငန်းကဏ္ဍ"ကိုလည်းကောင်း၊ တောင်တွင်းကြီးမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးညိုဝင်း (ငြိမ်း)က "ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ"ကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

အတည်ပြု

ထို့နောက် သဘာပတိက မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)က ချမှတ်မည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ညီလာခံကိုယ်စားလှယ်များ၏ ဆန္ဒရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အခမ်းအနားမှူးက မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)က ချမှတ်သည့် ဆုံးဖြတ်ချက်နှစ်ရပ်၊ အတည်ပြုခြင်း တစ်ရပ်၊ မှတ်တမ်းတင်ခြင်း ငါးရပ်တို့ကို အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး ကြွေးကြော်သံများဖြင့် အခမ်းအနားကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း ကဝမြို့နယ် သမိုင်းဝင်ကျိုက်မတ်ကော်စေတီတော် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တင်လှူပွဲကျင်းပ

ရန်ကုန် မေ ၂၃

ပဲခူးတိုင်း ကဝမြို့နယ်ရှိ သမိုင်းဝင်ကျိုက်မတ်ကော် စေတီတော် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တင်လှူပွဲကို ယမန်နေ့ကကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ တက်ရောက်ကြသည်။

ပင့်ဆောင်တင်လှူ

ရှေးဦးစွာ စိန်ဖူးတော်နှင့်ငှက်မြတ်နားတော် ယာယီထားရှိ အပူဇော်ခံရာ စံကျောင်း၌ ဆရာတော်ဘဒ္ဒန္တ သုန္ဒရ ဦးဆောင်၍ စိန်ဖူးတော်အတွင်းသို့ ရတနာပစ္စည်းများ ထည့်သွင်းပူဇော်ပြီး ရထားပျံဖြင့် ပင့်ဆောင်မည့်နေရာသို့ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးများနှင့် အလှူရှင်များက ပင့်ဆောင်ကြသည်။ ထို့နောက် စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်တို့အား ရထားပျံဖြင့်စေတီတော် အထွတ်သို့ပင့်ဆောင်တင်လှူကြသည်။

ဆုချီးမြှင့်

အခမ်းအနားအပြီးတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ကဝမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ရောက်ရှိပြီး မြို့နယ်အလုပ်အမှုဆောင်များ စီမံခန့်ခွဲရေးဆင့်ပွားသင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။ ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများ၌ ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် သနပ်ပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး မြို့နယ်အမှုဆောင်များ စီမံခန့်ခွဲရေး ဆင့်ပွားသင်တန်းဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားကာ သနပ်ပင်မြို့နယ်အတွင်း ဖွင့်လှစ်ပြီးစီးခဲ့သော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများ၌ ထူးချွန်ဆုရရှိခဲ့ကြသူများအား ဆုချီးမြှင့်သည်။ ထို့နောက် မြို့နယ်အတွင်း ကျောင်းနေအရွယ် ကလေးများ ကျောင်းအပ်နှံနိုင်ရေးအတွက် အလှူငွေနှင့် ကျန်းမာရေးအတွက် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့်ဗဟိုအလုပ်အမှုဆောင်သည် ပဲခူးတိုင်း(အရှေ့) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစီအစဉ်ဖြင့် ဖွင့်လှစ်ခဲ့သည့် သင်တန်းများဆင်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိကြသူများအား ဆုချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ သမတပိုင်းလော့ရေယာဉ်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဒုတိယဝန်ကြီး ဦးဖေသန်း လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ပန်းဆိုးတန်း နန်းသီတာ ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပြန်လည်မွမ်းမံတည်ဆောက်ပြီးစီးသော သမတပိုင်းလော့ရေယာဉ်ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများက ရေယာဉ်မောင်းခန်းတွင် ခေတ်မီစက်ကိရိယာများ တပ်ဆင်အသုံးပြုသည့်အခြေအနေများကို ရှင်းလင်းပြသကြသည်။

ထို့နောက် ရေယာဉ်ဧည့်ခန်း၌ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးက ရေယာဉ်သမိုင်းကြောင်းနှင့် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ အဆင့်ဆင့်ကို လည်းကောင်း၊ စတင်အသုံးပြုမည့်အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

သမတပိုင်းလော့ရေယာဉ်မှာ ၁၉၅၈ခုနှစ်မှ စတင်တည်ဆောက်ပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပိုင်းလော့လုပ်ငန်းများတွင်အသုံးပြုခဲ့ရာ ကာလကြာမြင့်ခဲ့သည်ဖြစ်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စက်ဆန်းရေလုံသဘောကျင်း၌ မူလပုံစံဟောင်းမှ ခေတ်မီပုံစံသစ်ဖြင့် မြန်မာအင်ဂျင်နီယာများက မွမ်းမံတည်ဆောက်ခဲ့သည်။ ရေယာဉ်မှာ အလျား ၂၀၁ ပေ ၅ လက်မ၊ အနံ ၃၄ ပေ ၁ လက်မ၊ ရေစူး ၁၁ ပေ ၆ လက်မ၊ တန်ချိန် ၇၇၇ ဒသမ ၅၁ တန်ရှိသည်။ မြင်းကောင်ရေ ၈၄၀ အင်ဂျင်နှင့် ခေတ်မီဆက်သွယ်ရေးစက်များ တပ်ဆင်ထားပြီး တစ်နာရီရေမိုင် ၁၀ မိုင် ခုတ်မောင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ သမတပိုင်းလော့ရေယာဉ် မောင်းနှင်ခန်းတွင် တပ်ဆင်ထားသော ခေတ်မီစက်ကိရိယာများကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

● ရှေ့ဖုံးမှ

လူအရိုးစုတစ်ခု စုစုပေါင်းလူအရိုးစု ၁၁ ခု တူးဖော်တွေ့ရှိခဲ့ရသည်။ မြေလွှာအနက်အလိုက် လူအရိုးစုများနှင့်အတူ လူ့အသုံးအဆောင် မြေခွက်များ၊ မြေအိုးများ၊ မြေအိုးကြီး သုံးလုံး၊ ကြေးထည်ပစ္စည်း၊ ကျောက်လက်နက်၊ ကျောက်ပုတီးစေ့များ၊ သံလက်နက်တို့ကို တူးဖော်တွေ့ရှိခဲ့သည်။

အဆိုပါ ရှေးဟောင်းလူအရိုးစုများ၊ ရှေးဟောင်းပစ္စည်းများ တူးဖော်တွေ့ရှိရသော ဟန်လင်းမြို့ဟောင်းသို့ ယဉ်ကျေးမှုဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ရှေးဟောင်းသုတေသနပညာရှင် ဦးညွန့်ဟန်နှင့် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာန ပါမောက္ခဌာနမှူး ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် ဒေါက်တာတင်သိန်းတို့သည် မေ ၁၇ ရက်မှ ၁၉ ရက်အထိ သွားရောက် ကွင်းဆင်းလေ့လာခဲ့ကြသည်။

ခန့်မှန်းထား

အဆိုပါ ပညာရှင်နှစ်ဦး၏ လေ့လာချက်အရ တစ်ဝက်တစ်ပျက်ကျောက်ဖြစ်နေသော Semifossilized လူအရိုးစုများအပါအဝင် အခြားလူအရိုးစုများကို မြေလွှာလေ့လာမှု အထောက်အထားရ မြေအနက် ၁၆ပေ စတုတ္ထ

ဟန်လင်းမြို့ဟောင်းတွင် ရှေးဟောင်းသုတေသနဦးစီးဌာနက တူးဖော်သုတေသနပြုတွေ့ရှိခဲ့သော ကုန်းအမှတ် (၂၆)မှ ကြေးခေတ်သုံးမြေအိုး၊ မြေခွက်များကို တွေ့ရစဉ်။ (သတင်းစဉ်)

မြေလွှာမှ တွေ့ရှိရသော လူအရိုးစုသည် နှစ်၅၀၀၀ကျော် ကာလအထက်ကဖြစ်မည်ဟု ခန့်မှန်းသည်။ တတိယလွှာမြေအနက် ၁၃ပေနှင့် ၁၁ပေအကြား တွေ့ရသော လူအရိုးစုများသည် နှစ် ၅၀၀၀ ဝန်းကျင်ခန့်ဖြစ်မည်ဟုခန့်မှန်းသည်။ မြေအနက် ရှစ်ပေနှင့် ခုနစ်ပေအကြား ဒုတိယမြေလွှာမှ တွေ့ရသော လူအရိုးစုများသည် နှစ် ၄၀၀၀ခန့်က ဖြစ်မည်ဟု ခန့်မှန်းထားသည်။

ကောက်ချက်ချနိုင်

ဟန်လင်းမြို့ဟောင်းတွင် ကျောက်ချောခေတ်သုံး ကျောက်လက်နက်များ တူးဖော်ရရှိခြင်း၊ ကြေးခေတ်လက်နက်များ တူးဖော်ရရှိခြင်း၊ မြန်မာနိုင်ငံကြေးခေတ်ဒေသများဖြစ်သည့် ညောင်ကန်၊ မြင်းဦးလှည့်၊ နှောကန်၊ မြို့လှစသော ဒေသများတွင်တူးဖော်ရရှိခဲ့သည့် မြေထည်၊ အိုးခွက်များပုံသဏ္ဌာန်နှင့် မြေထည်မြေသားတူညီခြင်းတို့ကြောင့် ဟန်လင်းဒေသတွင် ပျူလူမျိုးတို့၏ ရှေးဦးအနွယ်များသည် ကျောက်ခေတ်၊ ကြေးခေတ်ကာလကတည်းက အခြေချနေထိုင်ခဲ့ကြောင်း၊ ကျောက်ခေတ်၊ ကြေးခေတ်မှသည် မြို့ပြနိုင်ငံပေါ်ထွန်းသည့် ခေတ်အထိ ယဉ်ကျေးမှုခေတ်အဆင့်ဆင့်ကို ဖြတ်သန်းနေထိုင်ခဲ့ကြကြောင်း ရှေးဟောင်းသုတေသန အထောက်အထားများအရ ကောက်ချက်ချနိုင်သည်။ ဟန်လင်းဒေသတွင် လတ်တလောတူးဖော်တွေ့ရှိချက်များအရ ယခင်က ဟန်လင်းမြို့ပြယဉ်ကျေးမှုကို အေဒီ ၃ရာစုမှ ၈ရာစုအကြားတွင် ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်ဟူသော သမိုင်းအယူအဆကို ပြန်လည်စိစစ်သုံးသပ်ပြင်ဆင်ရမည့် အခြေအနေရှိနေကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥကပ်နေသော ရေချိုပုစွန်တုပ်ကြီးများမဖမ်းရန် ပညာပေးနှိုးဆော်ချက်(၂/ ၉၇)

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြစ်ချောင်း အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ၎င်းတို့မှ မကြာမီ ထောင်ပေါင်းများစွာသော ပုစွန်များလည်း ပေါက်ဖွားလာတော့မည်ဖြစ်ပါသည်။

အကယ်၍ အဆိုပါ ဥကပ်နေသော (သို့) ဥနှင့် ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ ပုစွန်သားလောင်းများ မပေါက်ဖွားနိုင်တော့ပဲ မျိုးပြုန်းတီးရာလည်း ရောက်စေပါသည်။ ရေချိုပုစွန်များ ပေါများကြွယ်ဝလာစေရန် ယခုကဲ့သို့ ဥကပ်နေသောရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲဘေးမဲ့ပေးမှသာ ထုတ်လုပ်မှုအားမြင့်မားလာပြီး အမျိုးသားစီးပွားရေး ဖွံ့ဖြိုးလာမည် ဖြစ်ပါသည်။

ဥကပ်နေသော (သို့) ဥနှင့် ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ရန် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ်(၁/၉၂)ဖြင့် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၄၂၊ ၄၄၊ ၄၅ ပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆို အရေးယူခြင်းခံရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန် ယခုကဲ့သို့သော ဥကပ်ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ နေရာတိုင်းတွင် ဘေးမဲ့ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၅-၂၀၀၅ (အင်္ဂါနေ့)

၇:၀၀	MRTV-4 ၏အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	အခြေခံဘော်လီဘောကစားနည်းနည်းစနစ်များ
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	ပြည်တွင်းသတင်းအကျဉ်း
၇:၃၀	ယာဉ်မောင်းလိုင်စင်ရယူလိုလျှင်
၇:၃၅	Sunday Talk
၈:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၄၀	ဖန်တီးသူတို့အနုပညာ
၉:၀၀	ပြည်တွင်းသတင်းအကျဉ်း
၉:၀၅	တေးဂီတအစီအစဉ်
၉:၁၀	ခေတ်မီပျားမွေးမြူရေးနှင့် ပျားရည်ထုတ်ပုံအဆင့်ဆင့်
၉:၂၀	မိုးလေဝသခန့်မှန်းချက်
၉:၂၅	တေးဂီတအစီအစဉ်
၉:၃၀	UEFA Stories Euro 1984
၉:၅၅	အိုးထိန်းသည်
၁၀:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅	အိုလံပစ်အားကစားချန်ပီယံများ
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	MRTV-4 ၏အပိတ် Logo၊

အထက်ပါလေးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

လူမှောင်ခိုနှင့်လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများဟောပြော

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာဟောပြောပွဲ အခမ်းအနားကို မေ ၂၀ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ဝင် ဒေါ်ထူးရော်က လူမှောင်ခိုနှင့် လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများကို လည်းကောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ပါမောက္ခ ဒေါ်ဌေးဌေးက အကြမ်းဖက်မှုဆိုသည်မှာ ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကာ အခမ်းအနားကို မွန်းလွဲ ၂နာရီခွဲတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂၃

ထိုင်းနိုင်ငံ၌ မေ ၁၈ရက်မှ ၂၁ရက်အထိကျင်းပခဲ့သည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့) အခမ်းအနားနှင့် အပြည်ပြည် ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံသို့ တက်ရောက်ခဲ့ကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သရက်ဆရာတော် ဘဒ္ဒန္တကေသရ ဦးဆောင်ပြီး ဆရာတော်ကိုးပါးနှင့် လူပုဂ္ဂိုလ်ခြောက်ဦးပါဝင်သော မြန်မာဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ယင်းမြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့အား သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရ အောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမျိုးကျော်နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

ဝန်ကြီးဦးသန်းအောင်အား အီဂျစ်အာရှရေးရာ လက်ထောက်နိုင်ငံခြားရေး ဝန်ကြီး တွေ့ဆုံ

ရန်ကုန် မေ ၂၃

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်အား မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် အီဂျစ် အာရှရေးရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာအီဇက်၊ ဆတ်(ဒ်)၊အယ်လ်ဆရစ်သည် ယနေ့ မွန်းလွဲပိုင်းက စိန်ရတုခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး များဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပညာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူး ချုပ်များနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ အီဂျစ်အာရပ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Mohamed Mohamed Minessy တို့လည်း တက်ရောက်ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၂၃

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ မေ ၂၄ရက်မှ ၂၈ရက်အထိ ကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက် အစိုးရများ၏ အုပ်ချုပ်မှုပြန်လည်ဆန်းသစ်ရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် ၎င်းနှင့်ဆက်စပ်ကျင်းပပြုလုပ်မည့် ပထမအကြိမ် အာဆီယံ+၃ နိုင်ငံအစိုးရများ၏ အုပ်ချုပ်မှုနှင့်ပတ်သက်၍ စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ဆိုးလ်မြို့သို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီဂျူဟွမ်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

ဝန်ကြီးဗိုလ်ချုပ်လှထွန်း ဂျပန်ဧည့်သည်တွေ့ဆုံ

ရန်ကုန် မေ ၂၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ဂျပန်နိုင်ငံ Mitsubishi Corporation ၏ ဘုတ်အဖွဲ့ဝင် အမှုဆောင် ဒုတိယ ဥက္ကဋ္ဌနှင့် စက်ပစ္စည်းဆိုင်ရာအုပ်စု၏ အမှုဆောင်ချုပ် Mr. Masahiro ABE နှင့် အဖွဲ့သည် ယနေ့ညနေ ၅နာရီက ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဧည့်ခန်းသို့ လာရောက် တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌအား ပါကစ္စတန်သမ္မတနိုင်ငံမှ လေ့လာရေးအဖွဲ့တွေ့ဆုံ

ရန်ကုန် မေ ၂၃

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်အား ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ Pakistan Administrative Staff College (PASC) မှ ကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး(အငြိမ်းစား) Mr. Javed Hassan ခေါင်းဆောင်သည့် လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ ရုံးခန်းသို့ လာရောက်တွေ့ဆုံသည်။

ကြိုဆို

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ Pakistan Administrative Staff College (PASC)မှ ကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး (အငြိမ်းစား) Mr. Javed Hassan ခေါင်းဆောင်သည့် လေ့လာရေးအဖွဲ့သည် ယနေ့ နံနက် ၈ နာရီ ၅၅ မိနစ်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာကြရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Muhammad Nawaz Chaudhry ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပါကစ္စတန်နိုင်ငံသံရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ယင်းလေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သို့ သွားရောက်လေ့လာကြရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နှင့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့အကြောင်း သိကောင်းစရာများကို သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ရှင်းလင်းပြောကြားကြသည်။ ဆက်လက်၍ အဆိုပါ လေ့လာရေးအဖွဲ့သည် ဇဖားရှားဂူဗိမာန်သို့ သွားရောက် လေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဘော်သားအကူ(လူသစ်) အခြေခံသင်တန်းဖွင့်

ရန်ကုန် မေ ၂၃

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေကြောင်းဌာန သဘော်သားအကူ (လူသစ်) အခြေခံသင်တန်း(၁/၂၀၀၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီက ဗိုလ်တထောင် ဆိပ်ကမ်းအမှတ်(၅)တံတားရှိ မြသီတာ သင်္ကေါ်ဒါနီ်သင်တန်းကျောင်း၌ကျင်းပ ရာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

သင်တန်းသို့ သင်တန်းသား ၁၂၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးဦးကျနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများအတွက် နှိုးဆော်ချက်

၁။ မိုးဦးကျရာသီတွင် အောက်ဖော်ပြပါ ကူးစက်တတ်သောရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်။

(က) ဝမ်းပျက်၊ဝမ်းလျှောနှင့် ကာလဝမ်းရောဂါများ အပါအဝင် ဝမ်းနှင့်ပတ်သက်သည့် ရောဂါများ၊ အသည်းရောင် အသားဝါရောဂါနှင့် သန်ကောင်၊ တုတ်ကောင်ရောဂါများ၊

(ခ) သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ၊

(ဂ) တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ။

၂။ ဖြစ်ပွားရသည့် အကြောင်းရင်းမှာ–

(က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းဂွတ်သီးစသည့် သစ်သီးဝလံများ၏ အခွံ၊ အစေ့စသည်များကို စည်းကမ်းမဲ့ မဆင်မခြင် စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ဖွား၍ ယင်ပေါများခြင်း၊

(ခ) ရာသီစာအမှည့်လွန်အသီးများကို စားသုံးခြင်း၊

(ဂ) မိုးရွာပြီး ရေတင်၊ ရေဝပ်သဖြင့် ရေအိုင်၊ ရေဗွက်ဖြစ်၍ ရေမြောင်းပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်း ထူထပ်၍ ခြင်ပေါက်ဖွားခြင်း၊

(ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း၊

(င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု နည်းပါးခြင်း၊

(စ) ကျန်းမာရေးနှင့် ညီညွတ်သည့် အသိပညာနှင့် အလေ့အကျင့် အားနည်းခြင်း၊

၃။ အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါ ရောဂါများ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည် ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(က) အမှည့်လွန်အသီးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊

(ခ) ယင်နားစာများကို မဆင်မခြင် စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊

(ဂ) စားကြွင်းစားကျန် အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ၊

(ဃ) မိမိတို့ မိသားစုအတွင်း ကျန်းမာရေးအသိပညာဖြန့်ဝေပါ၊ လိုက်နာကျင့်သုံးပါ၊

(င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာဆောင်ရွက်ပါ၊

(စ) ရေကို ကျိုချက်၍သောက်ပါ၊

(ဆ) လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေး ချက်ပြုတ်စားသုံးပါ၊

(ဇ) ရာသီဥတု၊ အပူအအေး အပြောင်းအလဲကို သတိရှိပါ၊

(ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင် နှိမ်နင်းရေး လုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်း ဆောင်ရွက်ပါ၊

(ည) ရောဂါတစ်မျိုးမျိုး ဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေး ဌာနသို့ အမြန်ဆုံး သတင်းပို့ပါ၊

(ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီ သွားရောက်ပြသ စစ်ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများဖြစ်ပေါ်

ရန်ကုန် မေ ၂၃

လွန်ခဲ့သော၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့၌ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၌ နေရာကွက်၍မိုးကြီးခဲ့ကာ ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မောင်တောမြို့တွင် ၃ဒသမ၁၁လက်မနှင့် ကော့သောင်းမြို့တွင် ၁ဒသမ၆၁လက်မတို့ ဖြစ်ကြသည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် ဖြစ်မြဲထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ ဖြစ်မြဲထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ဧရာဝတီတိုင်းတွင် ဖြစ်မြဲထက် ၇ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများ၌ ဖြစ်မြဲခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်မှာ မင်းဘူးမြို့တွင် ၄၁ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေသည်။ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်မည်။

(မြန်မာ့အလင်း)

အပြန်အလှန်ယုံကြည် အစဉ်လက်တွဲ ဒီမိုကရေစီအောင်ပွဲ

အောင်သူမိုး(မြင်းခြံ)

“သဘာဝသိပ္ပံ (Natural Science)တရားကို လေ့လာပွားများရတာ ခက်တယ်။ သို့သော် လူမှုသိပ္ပံ (Social Science)တရားက ပို၍ခက်ခဲပါတယ်။ ဒါ့အပြင် လူမှုသိပ္ပံတရားကို လက်တွေ့နဲ့ ပေါင်းစပ်အဖြေရှာရာမှာတော့ သာလို့ပင်ခက်ခဲပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ လူတွေရဲ့ ရင်တွင်းမှာ အစဉ်ကိန်းအောင်းနေတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ အတ္တ၊ မာနတွေကို လူမှုပြဿနာအဖြေရှာရာမှာ ယူဆောင် သွတ်သွင်းလာလို့ပဲ ဖြစ်တယ်”လို့ လူမှုသိပ္ပံတရားက ဆိုပါတယ်။ ဒီသဘောတရားအရ နိုင်ငံရေးလောကမှာ မတူညီတဲ့ အတိုက်အခံ သဘောတရားတွေရှိနေမှာ ဓမ္မတာ ဖြစ်ပါတယ်။

သို့သော်“နိုင်ငံရေးဘောဂဗေဒကို ခြေခြေမြစ်မြစ် လေ့လာမှုမရှိဘဲ၊ နိုင်ငံရေးနယ်ပယ်ထဲ ဝင်ရောက်မိလျှင် မိမိက သူတစ်ပါးကို လိမ်မိမယ်၊ သူတစ်ပါးလိမ်တာကို ခံရမယ်၊ မိမိကိုယ်မိမိလဲ ပြန်လိမ်မိလိမ့်မယ်”လို့ သတိပေးထားပြန်ပါသေးတယ်။

ဒီတော့ ဗဟုသုတလေ့လာမှု ကိုယ်ခံအားနည်းခဲ့လျှင် ဆန္ဒစွဲ၊ အတ္တစွဲနဲ့ အပြောကောင်း၊ အဟောကောင်းသူတွေအပေါ် ဟုတ်နိုးနိုး အထင်ကြီးပြီး ဝေလေလေ သံယောင်လိုက်နေမိသူတွေ ဖြစ်သွားနိုင်ပါတယ်။ အတွေးအခေါ်သဘောတရား ဗဟုသုတတွေကို ပွားများလေ့လာဝေဖန်သုံးသပ်ပြီး တင်ကြိုတွေးခေါ် မြော်မြင်နိုင်စွမ်းရှိသူတွေ ဖြစ်စေလိုပါတယ်။ အမှန်တရားကို မြင်နိုင်စွမ်းရှိလာသည်နှင့်အမျှ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ရာမှာ အထောက်အပံ့ဖြစ်စေပါလိမ့်မယ်။

မြန်မာနိုင်ငံရဲ့ အခြေအနေကို လေ့လာလျှင် တပ်မတော်အစိုးရက ဒီမိုကရေစီနိုင်ငံ ဖော်ဆောင်မယ်လို့ ကြွေးကြော်သလို NLDနဲ့ ၎င်းရဲ့ အဖွဲ့အစည်းတွေကလဲ ဒီမိုကရေစီနိုင်ငံ ဖော်ဆောင်မယ်လို့ ကြွေးကြော်ပါတယ်။

သို့သော် NLDနဲ့ ၎င်းရဲ့ အဖွဲ့အစည်းတွေက ၎င်းတို့ ရေးဆွဲထားတဲ့ ယာယီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို ချက်ချင်းအာဏာလွှဲပေးရေး၊ တပ်မတော်ကို နိုင်ငံတော်အုပ်ချုပ်ရေးမှာ ဝင်ရောက်မစွက်ဖက်စေဘဲ စစ်တန်းလျားပြန်ရေးကိုသာ ရည်ရွယ်ဆောင်ရွက်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့ မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့ အရေးယူရန်၊ ကမ္ဘာလှည့်ခရီးသည်တွေ မလာရန်၊ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုတွေ မလုပ်ရန်၊ ကမ္ဘာ့ဘဏ်၊ အာရှဘဏ်တွေမှ ငွေမချေးရန်၊ အာဆီယံ အလှည့်ကျသဘာပတိ မခန့်အပ်ရန် စသည့်နည်းမျိုးစုံဖြင့် ဟန့်တားပိတ်ပင်တဲ့နည်းတွေသုံးပြီး ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်မှုတွေကိုသာ တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ပါတယ်။

ဒီနေရာမှာ တောင်အာဖရိကနိုင်ငံက နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်သူ နယ်လ်ဆင်မင်ဒဲလား ပြောသွားတဲ့ စကားတစ်ခွန်းကို မှတ်မိပါသေးတယ်။ “လူဖြူ ဒီကလပ်အစိုးရနဲ့ ကျွန်တော်တို့ ANC ပါတီတို့ နှစ်ပေါင်းများစွာ လက်နက်စွဲကိုင် တိုက်ခိုက်ခဲ့ကြတဲ့ ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်စေခဲ့ပြီး နိုင်ငံပြန်လည် ထူထောင်ရေးတွေ အစွမ်းကုန်ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်သော်လဲ ထင်တိုင်းခရီးမပေါက်ခဲ့ပါ။ ဘာကြောင့် ဒီလိုဖြစ်ရသလဲလို့ အသေးစိတ်စဉ်းစားအဖြေရှာတော့ ပြည်တွင်းစစ်ကာလမှာ ဒီကလပ်အစိုးရကို စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ဖို့၊ ငွေမချေးဖို့၊ နိုင်ငံရေး၊ စီးပွားရေး အဆက်အသွယ် ဖြတ်တောက်အရေးယူဖို့ ကမ္ဘာ့နိုင်ငံအသီးသီးထံ အကူအညီတောင်းပြီး ဆောင်ရွက်စေခဲ့တဲ့ အကြောင်းတရားရဲ့ အကျိုးဆက်တွေကြောင့်ဆိုတာ သတိထားလေ့လာမိတော့တယ်”လို့ ဆိုပါတယ်။

တပ်မတော်အစိုးရဟာ ပြည်တွင်းပြည်ပမှ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေက ဘယ်လိုပဲ ဟန့်တားနှောင့်ယှက်နေကြပေမယ့် ဒီမိုကရေစီဖော်ဆောင်ရေးကို ရည်ရွယ်ချက်ရှိရှိနဲ့ ဆက်လက်အကောင်အထည်ဖော်လျက် ရှိနေပါတယ်။ ဒီမိုကရေစီ အခြေခံအုတ်မြစ်တွေကို ဦးစွာ ခိုင်မာအောင် တည်ဆောက်တယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနဲ့ ငြိမ်းချမ်းရေးရယူပြီး နိုင်ငံအေးချမ်းသာယာအောင် တည်ဆောက်တယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ် ချမှတ်ဖော်ဆောင်ပြီး နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေခဲ့တယ်။ **နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို စတင်အကောင်အထည်ဖော်တဲ့အနေနဲ့ အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိတယ်။ အဲဒီအမျိုးသားညီလာခံကြီးမှာ ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ညှိနှိုင်းရေးဆွဲပြီး ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြည်သူ့ဆန္ဒခံယူပြီး အတည်ပြုမှာဖြစ်တယ်။ အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲကျင်းပပြီး ပြည်သူတွေက ရွေးချယ်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေက တိုင်းကျိုးပြည်ပြု လုပ်ငန်းများမှာ ပူးပေါင်းလက်တွဲဆောင်ရွက်သွားရန် ရည်ရွယ်ဆောင်ရွက်လျက် ရှိပါတယ်။**

ယနေ့ မြန်မာနိုင်ငံမှာ တပ်မတော်အစိုးရက ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ဖော်ဆောင်ပေးနေမှုအပေါ် အမှားအမှန် ဝေဖန်သုံးသပ်နိုင်စေရန် ရှင်းလင်းတင်ပြလိုပါတယ်။

ကမ္ဘာကြီး တိုးတက်ဖြစ်ပေါ်ပြောင်းလဲလာမှု သဘောတရားအရ ကမ္ဘာ့နိုင်ငံအသီးသီးဟာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို အပြိုင်အဆိုင် ဖော်ဆောင်ခဲ့ကြတယ်။ ဥရောပနိုင်ငံတချို့မှာ စက်မှုဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ ဒီမိုကရေစီအခြေခံလူတန်းစားတွေ(ဥစ္စာနေကြွယ်ဝတဲ့အရင်းရှင်တွေ၊ အသိဉာဏ်အတွေးအခေါ်မြင့်မားတဲ့ ကာယဉာဏအလုပ်သမားတွေ၊ လူလတ်တန်းစားတွေ၊ ၎င်းတို့ကို ကိုယ်စားပြုတဲ့ ပါတီတွေ) အင်အားတောင့်တင်းခိုင်မာတဲ့ အခြေအနေကြောင့် ၎င်းလူတန်းစားနဲ့ အဖွဲ့အစည်းတွေကို အကျိုးပြုမည့် အုပ်ချုပ်ရေးစနစ်ဖြစ်တဲ့ အရင်းရှင်ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ဟာ ရှင်သန်ကြီးထွားအောင်မြင်လာပါတယ်။ ဒီလို ဒီမိုကရေစီအသွင်ကူးပြောင်းရေးအလွယ်တကူ ဖော်ဆောင်နိုင်မှုကို **“ဥရောပဂန္ထဝင် အရင်းရှင်တော်လှန်ရေး”**လို့ ခေါ်ပါတယ်။

အဲဒီတစ်ချိန်တည်းမှာပဲ ခေတ်နောက်ကျ ကျန်နေခဲ့တဲ့ ဂျပန်နဲ့ ပရပ်ရှား (ဂျာမနီ)မှာ အုပ်စိုးသူတွေကိုယ်တိုင်က မိမိတို့ ကိုယ်ပိုင်သဘောပေါက်မှုဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင်ဦးရွက်ပြုပြီး ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ဖော်ဆောင်နိုင်ခဲ့ခြင်းကို **“ဂျပန်၊ ပရပ်ရှား အရင်းရှင်ဒီမိုကရေစီ တော်လှန်ရေး”** (တစ်နည်းအားဖြင့်) **“အထက်ကလာတဲ့ တော်လှန်ရေး”**ဟု ခေါ်တယ်လို့ ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒက ဆိုပါတယ်။

မြန်မာနိုင်ငံ ဘာကြောင့် ခေတ်နောက်ကျကျန်ခဲ့ရသလဲဆိုတာကို သုံးသပ်ကြည့်လျှင် နယ်ချဲ့ကိုလိုနီသူ့ကျွန်ဘဝမှာ နှစ်ပေါင်း၁၀၀ကျော် နေခဲ့ရတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာ အဝင်၊ အထွက် စစ်ဒဏ် နှစ်ကြိမ်ခံခဲ့ရတယ်။ ၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီးတဲ့နောက် နှစ်ပေါင်း ၄၀ကျော် ပြည်တွင်းသောင်းကျန်းမှုဒဏ်ကို အလူးအလဲ ခံစားခဲ့ရပြန်ပါတယ်။ ပါလီမန်ဒီမိုကရေစီခေတ်ရဲ့ ခါးသီးတဲ့ နိုင်ငံရေး အတွေ့အကြုံတွေရော၊ တစ်ပါတီအုပ်ချုပ်ရေးနဲ့ ဗဟိုက ချုပ်ကိုင်တဲ့ စီးပွားရေး (ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေး) လမ်းစဉ်ကို ဖော်ဆောင်ခဲ့ရာက နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်းတွေ ကြီးထွားလာခဲ့ပြန်ပါတယ်။ ဒါကြောင့်မို့ ၁၉၈၈ခုနှစ်မှာ တပ်မတော်က နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ပြီးနောက် နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်းတွေကို ပခုံးပြောင်း တာဝန်ယူခဲ့ရတယ်ဆိုတာ မမေ့အပ်ပါ။

အဲဒီလို ဖြစ်စဉ်ဖြစ်ရပ်တွေကြောင့် မြန်မာနိုင်ငံရဲ့ ပကတိရုပ်ဘဝ အခြေအနေကိုကြည့်လျှင် ဒီမိုကရေစီအခြေခံ လူတန်းစားတွေနဲ့ ၎င်းတို့ကို ကိုယ်စားပြုတဲ့ ပါတီအဖွဲ့အစည်းတွေ ကင်းမဲ့နေတာကို သဘာဝကျကျ တွေ့မြင်ရမှာဖြစ်တယ်။ ဒါပေမယ့် NLDနဲ့ ၎င်းရဲ့ အဖွဲ့အစည်းတွေက မြန်မာနိုင်ငံရဲ့ ပကတိရုပ်ဘဝ အခြေအနေတွေကို လျစ်လျူရှုပြီး ဥရောပဂန္ထဝင်အရင်းရှင် တော်လှန်ရေးပုံစံကို စိတ်ကူးနဲ့ ပုံဖော်လိုကြတယ်။ တပ်မတော်အစိုးရကတော့ မြန်မာနိုင်ငံရဲ့(ကာလဒေသပယောဂ) ရုပ်ဘဝက တောင်းဆိုတဲ့အတိုင်း ဂျပန်၊ ပရပ်ရှား အရင်းရှင် ဒီမိုကရေစီတော်လှန်ရေး (တစ်နည်းအားဖြင့်)အထက်ကလာတဲ့ တော်လှန်ရေးကို ကိုယ်ပိုင်နားလည်သဘောပေါက်မှုနဲ့ ပုံဖော်ပေးခဲ့တယ်။

“အထက်ကလာတဲ့ တော်လှန်ရေးသဘောတရား” အရ တပ်မတော်အစိုးရက ဦးဆောင်ဦးရွက်ပြုပြီး ဒီမိုကရေစီနိုင်ငံပုံဖော်ရာမှာ စိုက်ပျိုးရေးကို အခြေခံလျက် စက်မှုဖွံ့ဖြိုးတဲ့ နိုင်ငံထူထောင်ရန်အတွက် စိုက်ပျိုးရေး စီမံကိန်းကြီးတွေ၊ မွေးမြူရေး စီမံကိန်းကြီးတွေ၊ စက်မှုစီမံကိန်းကြီးတွေမှာ တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်တွေ ပါဝင်ဆောင်ရွက်လာနိုင်အောင် ဘက်ပေါင်းစုံမှ မြေတောင်မြှောက်ကာ ကူညီဆောင်ရွက် တိုက်တွန်းအားပေးလျက်ရှိနေပါတယ်။ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်တွေ အင်အားတောင့်တင်းလာသည်နှင့်အမျှ ၎င်းတို့ရဲ့ မဟာမိတ်အဖြစ် လက်တွဲဆောင်ရွက်ကြမယ့် ကာယ၊ဉာဏ အလုပ်သမားတွေဟာလဲ ရေမြင့်ကြာတင့်ဆိုသလို ဘဝအဆင့်အတန်း မြင့်မားတိုးတက်လာကြမှာ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ပုဂ္ဂလိက လုပ်ငန်းရှင်နဲ့ အလုပ်သမားတွေရဲ့ ကိုယ်စားပြု ပါတီအဖွဲ့ အစည်းတွေ လိုအပ်လာပြီဖြစ်လို့ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ အတည်ပြုပြဋ္ဌာန်းလျက် ပေါ်ပေါက်လာပါလိမ့်မယ်။ ဒီလိုတစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ခိုင်မာလာအောင် တပ်မတော်အစိုးရက တာဝန်ယူဖော်ဆောင်ပေးနေတာကို ဆန္ဒစောပြီး ချက်ချင်းလက်ငင်းဖြစ်ရမယ်လို့ ဇွတ်ပြောနေကြသူတွေဟာ တပ်မတော်အစိုးရကို ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်နေမယ့်အစား စိတ်ရှည်သည်းခံလျက် တူတာ ပေါင်းလုပ်၊ မတူတာတွေ ညှိနှိုင်းဆွေးနွေး အဖြေရှာကြမယ်ဆိုလျှင် ပြည်သူအားလုံးက ဝမ်းမြောက်ဝမ်းသာ ကောင်းချီးသြဘာပေးကြပါလိမ့်မယ်။

“အတ္တ၊ မာန၊ အစွဲအလမ်းဟောင်းတွေအပေါ်မှာ ဇွတ်မှိတ်ဖက်တွယ်ထားတဲ့ ခေါင်းဆောင်ဆိုသူတွေနဲ့စာလျှင် အရိုးခံသက်သက် သာမန်ပြည်သူတွေကမှ အမှန်တရားနဲ့ ပိုလို့နီးစပ်ပါသေးတယ်”လို့ လူမှုသိပ္ပံတရားက ဆိုပါတယ်။

ယနေ့ကာလမှာ နိုင်ငံတော်ကိုဆန့်ကျင်သူတွေဟာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို သပ်လျှိုဖြိုခွဲပြီး ပြည်နယ်ခွဲထွက်ဖို့ ကြိုးစားနေကြတာတွေ၊ အကြမ်းဖက် ဖုံးခွဲသတ်ဖြတ်မှုနဲ့ လူထုကို ချောက်ချားစေပြီး အုံကြွအောင်လုပ်နေကြတာတွေ၊ နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်း ဆိုက်အောင် ပြည်ပအားကိုးနဲ့လုပ်နေကြတာတွေ ရှိနေပေမယ်လို့ တပ်မတော်အစိုးရကတော့ နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်းတွေက လွန်မြောက်အောင် ကြိုးပမ်းအားထုတ်လျက်ရှိတယ်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေး၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး၊ မြို့နဲ့ကျေးရွာ ကွာဟမှုကျဉ်းမြောင်းစေရေး စသဖြင့် တိုင်းပြည်ကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။

တပ်မတော်အစိုးရအနေနဲ့ နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီး ရွေးကောက်ပွဲကျင်းပလျက် ရွေးချယ်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံ အာဏာလွှဲပြောင်းတဲ့အချိန်မှာ တစ်ဖက်က စည်းကမ်း ပြည့်ဝခိုင်မာတဲ့ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းစေရန် ရေခံ၊ မြေခံ၊ အခြေခံကောင်းတွေ အဆင်သင့်ရှိနေအောင် ကြိုတင်ပြင်ဆင်ပေးနေတယ်ဆိုတာ မြင်နိုင်စွမ်း ရှိကြစေလိုပါတယ်။

ဒီတော့ မှန်တယ်၊ မှားတယ်ဆိုတာကို လိုသလိုဆွဲပြီး အချင်းချင်း ဝေဖန်ငြင်းခုံ နေကြမယ့်အစား အမျိုးသားပြန်လည်သင့်မြတ်ရေး အသိစိတ်ဓာတ်အခြေခံလျက် တူတာတွေ ပေါင်းလုပ်၊ မတူတာ ဆွေးနွေးညှိနှိုင်း အဖြေရှာတဲ့နည်းနဲ့ ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားနိုင်ကြရင် မင်္ဂလာကျက်သရေအပေါင်း ခညောင်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဟာလဲ လျင်မြန်လာပါလိမ့်မယ်။ ဒီမိုကရေစီ အသွင် ကူးပြောင်းမှုဟာလဲ ပို၍ချောမွေ့လျင်မြန်လာပါလိမ့်မယ်။ဒါကြောင့် **“အပြန်အလှန်ယုံကြည် အစဉ်လက်တွဲ ဒီမိုကရေစီအောင်ပွဲ”**လို့ ဖွင့်ဆိုလိုက်ပါတယ်။ ။

နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို စတင်အကောင်အထည်ဖော်တဲ့အနေနဲ့ အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိတယ်။ အဲဒီအမျိုးသားညီလာခံကြီးမှာ ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ညှိနှိုင်းရေးဆွဲပြီး ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ့ဆန္ဒခံယူပြီး အတည်ပြုမှာဖြစ်တယ်။ အဲဒီ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲ ကျင်းပပြီး ပြည်သူတွေက ရွေးချယ်တဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေက တိုင်းကျိုးပြည်ပြု လုပ်ငန်းများမှာ ပူးပေါင်း လက်တွဲဆောင်ရွက်သွားရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါတယ်။

မန္တလေး နန်းမြို့ရိုးကျုံးပတ်လည် ရေမှော်ပင်များ ရှင်းလင်း မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေး

မန္တလေး မေ ၁၇

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၉ရက် နံနက် ၉နာရီက အောင်မြေသာစံမြို့နယ်ရှိ နန်းမြို့ရိုး ကျုံးပတ်လည်တွင် မှော်ဆယ်စက်ကြီးများ၊ မှော်ဆယ်စက်လှေများဖြင့် ရေမှော်ပင်များ ဆယ်ယူရှင်းလင်းနေမှု၊ သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် သင်္ဘောချောင်းအဝင် ရေကြည်မြောင်း ရေသန့်စင်ရေးအတွက် ရေဆိုးစစ်ကန် အဆင့်ဆင့်တူးဖော်နေမှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် နန်းမြို့ကျုံးထောင့်ရှိ ၁၂လမ်းနှင့် ၆၆လမ်းဆုံသို့ရောက်ရှိပြီး ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ ဝန်ထမ်းများက ကျုံးအတွင်း မှော်ဆယ်စက်ကြီးများ၊ မှော်ဆယ်စက် လှေများဖြင့် ရေမှော်ပင်များ ဆယ်ယူရှင်းလင်းနေမှုများနှင့် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ၇၇လမ်းနှင့် ၂၆လမ်းရှိ နန်းမြို့ကျုံးတောင်ဘက်သို့ရောက်ရှိပြီး ကျုံးအတွင်းမှော်ဆယ်စက်ကြီးများ၊ မှော်ဆယ်စက်လှေများဖြင့် ရေမှော်ပင်များ ဆယ်ယူရှင်းလင်းနေမှုနှင့် သန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် သီရိမာလာအနောက်ရပ်ကွက်အတွင်း သင်္ဘောချောင်းအဝင် ရေကြည်မြောင်း ရေသန့်စင်ရေးအတွက် စက်ယန္တရားကြီးများဖြင့် ရေဆိုးစစ်ကန် အဆင့်ဆင့်တူးဖော်နေမှုများကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်း

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည်နံနက် ၁၁နာရီခွဲတွင် နန်းမြို့ကျုံးအနောက်ဘက် လမ်း၈၀နှင့် ၁၉လမ်း လမ်းဆုံရှိ စက်ရှင်တံတားပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**(က-ပ)**

မုံရွာမြို့နယ်တွင် ကျေးရွာစာကြည့်တိုက်များဖွင့် စာအုပ်နှင့်အလှူငွေများ ပေးအပ်လှူဒါန်း

မုံရွာ မေ ၁၅

မုံရွာမြို့နယ် ထနောင်းတောကျေးရွာအုပ်စု ထနောင်းတော(က)ရွာတွင် အလင်းရောင်စာကြည့်တိုက်၊ ကြာပိုင်ကျေးရွာအုပ်စု ကြာပိုင်ကျေးရွာတွင် စုပေါင်းညီညာစာကြည့်တိုက်၊သစ်ဆိမ့်ကျေးရွာအုပ်စု ကြည်ကုန်းရွာသစ်တွင် ပညာ့ပါရမီစာကြည့်တိုက်၊ ချောင်းဆုံကျေးရွာတွင် ပညာ့အလင်းရောင်စာကြည့်တိုက်၊ ဘုဘကျေးရွာအုပ်စု ချမ်းသာကျွန်းကျေးရွာတွင် ပွင့်လင်းရောင်ခြည်စာကြည့်တိုက်နှင့်လယ်တော်ကျေးရွာတွင် မေတ္တာရောင်ခြည်စာကြည့်တိုက်များဖွင့်ပွဲ အခမ်းအနားများကို မေ ၄ရက် နံနက် ၈နာရီက အဆိုပါကျေးရွာများ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သောင်းသောင်းဝင်းနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ်ဦးစီးမှူးက ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ ထိန်းသိမ်းရေးနည်းစနစ်များကို ရှင်းလင်းဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ကျေးရွာစာကြည့်တိုက်သို့ စာအုပ်နှင့်အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားများ ကျင်းပကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

တန့်ယန်းမြို့နယ် မန်ကတ်-မိုင်းမား- နောင်လိုင် ကျေးလက် လမ်းကျောက်ချော လမ်း ပြင်ဆင်ထိန်းသိမ်းရန် ပစ္စည်း စုဆောင်းထားရှိမှု အခြေအနေ ကို မေ ၄ ရက်က အမှုဆောင်အရာရှိ ဦးအေးလွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ် စည်ပင်)

တောင်သာမြို့နယ်တွင် ကျေးရွာစက်ရေတွင်းတူးဖော်

တောင်သာ မေ ၁၀

တောင်သာမြို့နယ် မိုးနှောင်းခင်းကျေးရွာတွင် အလှူရှင် စက်ရေတွင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တွင်းတူးစက်ဖြင့် တူးဖော်နေမှုကို မေ ၅ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးစောသန့်ဆွေနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြင်အေးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ စက်ရေတွင်းသည် ပေ ၃၂၀ ရှိပြီး တစ်နာရီ ရေဂါလန် ၁၂၀၀ ထွက်ရှိသဖြင့် ရေရှားပါးသည့် မိုးနှောင်းခင်းကျေးရွာတွင် သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ရာ စက်ရုံနှင့် ရေကန်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။**(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)



ကျေးလက် တစ်ခွင် ဖွံ့ ဖြိုး စည်ပင်

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လမ်းခင်းရန် ကျောက်များစုဆောင်းထားရှိမှု အခြေအနေကို မေ ၁၁ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးညွန့်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

ဆီဆိုင်မြို့နယ် နွေစပါးကောက်စိုက်စွမ်းရည်ပြိုင်ပွဲကျင်းပ ကောက်စိုက်အသင်း ရှစ်သင်းပါဝင်ယှဉ်ပြိုင်၊ ဆုများချီးမြှင့်

ဆီဆိုင် မေ ၅

ရှမ်းပြည်နယ် (တောင်ပိုင်း)ဆီဆိုင်မြို့နယ်တွင် နွေစပါးကောက်စိုက်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားကို ဧပြီ ၉ရက် နံနက် ၈နာရီက ဆီဆိုင်မြို့နယ် ပုံးအင်းကျေးရွာအုပ်စု ဆိုက်လံကျေးရွာ တောင်သူကြီးဦးထွက်စိန်းပိုင် လယ်မြေသုံးဧကတွင် ကျင်းပသည်။

တက်ရောက်

နွေစပါး ကောက်စိုက် စွမ်းရည်ပြိုင်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးယဉ်ထွေး၊ မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဉာဏ်အေး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမြို့နယ်မန်နေဂျာ ဦးကျော်စိုးဝင်းနှင့် ကျေးလက်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီမှ ဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရှင်မြတ်သူနှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ကျေးရွာအုပ်စု (၄)အုပ်စုမှ ကောက်စိုက်အသင်း ရှစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြရာ ပထမဆုရ တဘက်ကျေးရွာအုပ်စု ကောက်စိုက် အသင်းအား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးယဉ်ထွေးက လည်းကောင်း၊ ဒုတိယဆုရ ဘန်းယဉ်ကျေးရွာအုပ်စု ကောက်စိုက်အသင်းအား မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ် ရဲတပ်ဖွဲ့မှူးဉာဏ်အေးက လည်းကောင်း၊ တတိယဆုရ နောင်မွန်ကျေးရွာအုပ်စု ကောက်စိုက်အသင်းအား မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အယ်ဂျာခေါ်ကလည်းကောင်း ဆုများ အသီးသီးပေးအပ် ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်တံခါးမြို့ ရုံးပေါင်းစုံလမ်း ကတ္တရာရေပိတ်လွှာခင်း

ကျောက်တံခါး မေ ၁၈

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဘဏ္ဍာရေးနှစ်အလိုက် မြို့တွင်းလမ်းများအား အဆင့်မြှင့်ဆောင်ရွက်ရန် စီမံချက်ချအကောင်အထည်ဖော်လျက်ရှိရာ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ရုံးပေါင်းစုံလမ်းအရှည်ပေ ၅၈၀ အား ကတ္တရာရေပိတ်လွှာခင်းခြင်းနှင့် အရှည် ၄၇၅ပေ၊ အကျယ် ၁၂ ပေအား ကတ္တရာခင်းခြင်းလုပ်ငန်းကို မေ ၁၀ ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးလှရွှေတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မလွကုန်းဒွေးကြွယ်(က)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဖွင့်လှစ်သော ဒွေးကြွယ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ၂၇ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ခင်သန်းနှင့် ရပ်ကွက်အဖွဲ့ဝင်(၁) ဦးဝင်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြန်မာ့အလင်း)

■ **ရွှေဖုံးမှ**

အဆိုပါ ရေနုတ်မြောင်းသည် အရှည်ပေ ၂၅၀၀၀၊ အောက်ခြေအကျယ်ပေ၂၀ ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းပြီးစီးပါက လယ်မြေဧက ၅၀၀ ရေနစ်မြုပ်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။

မှာကြားဖြည့်ဆည်း

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရွှေဘိုမြို့နယ် ညောင်ပင်သာကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသိပ္ပံသို့ ရောက်ရှိရာ စိုက်ပျိုးရေးသိပ္ပံကျောင်းအုပ်ကြီးက ကျောင်းသမိုင်းနှင့် ပညာသင်ကြားမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အောင်မြင်ရေး

ယင်းနောက် တိုင်းမှူးသည် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဗိုးကုန်းလေး ဘက်စုံခြံသို့ သွားရောက်ပြီး လုပ်ငန်းများအောင်မြင်ရေးကြိုးပမ်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၂၀ ရက်က ကြည့်မြင်တိုင် တစ်ဖက်ကမ်းရှိ အောက်ရုံရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ လူငယ်ဗိမာန်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ ဟောပြောပွဲနှင့် စာကြည့်တိုက်ပညာထောက်ကူ ဆွေးနွေးပွဲကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် ခရိုင်ဦးစီးအရာရှိ ဦးတင်ကို၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဘသိန်းနှင့် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ချိုချိုလတ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ

ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် မေလ ၁၇ ရက်နေ့အထိ နိုင်ငံအဝန်းတွင်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၇၁၁၆)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

လှိုင်ကော်တက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်း ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၃

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၁၅ရက် နံနက် ၁၀ နာရီက လှိုင်ကော်တက္ကသိုလ်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်၍ ပင်မလက်ဝဲဆောင်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ လှိုင်ကော်တက္ကသိုလ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဝင်များအား တွေ့ဆုံရာ ဒုတိယပါမောက္ခချုပ်က တက္ကသိုလ်၏ ပညာသင်ကြားရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ တာဝန်ရှိသူများက တက္ကသိုလ်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌသည် တည်ဆောက်ဆဲ ပင်မသုံးထပ်ဆောင် လက်ယာဆောင်တည်ဆောက်နေမှု၊ တက္ကသိုလ်အဝင်လမ်းနှင့်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးဆောင်ရွက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မေ ၁၆ရက် နံနက် ၈နာရီတွင် ပြည်နယ် ဥက္ကဋ္ဌသည် လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့်အခြေခံအမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်း အမှတ်စဉ် (၃၂/၂၀၀၅)နှင့် အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ် (၁၁/၂၀၀၅) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ရှင်းရှင်းနီးနီးနှုတ်ဆက်

ထို့နောက် သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသွင်က သင်တန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဥက္ကဋ္ဌသည် သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် ပြည်နယ်ဥက္ကဋ္ဌသည် လှိုင်ကော်မြို့နယ် အတွင်း ကယားပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တည်ဆောက်လျက်ရှိသည့်ထီးဆဲခါးတံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ပြည်နယ်အင်ဂျင်နီယာမှူးကြီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌသည် လှိုင်လင်လေးတိုက်နယ် တွဲဖက်အခြေခံ ပညာအထက်တန်းကျောင်းသို့လည်းကောင်း၊ လှိုင်ကော်မြို့အစိုးရကွန်ပျူတာကောလိပ်သို့လည်းကောင်း၊ အစိုးရနည်းပညာကောလိပ်သို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘားအံမြို့ မူလတန်းဆရာအတတ် စာပေးစာယူသင်တန်းဆင်း စာအောင်သံဃာတော်များ အောင်လက်မှတ်ဆက်ကပ်လှူဒါန်း

ရန်ကုန် မေ ၂၃

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးသည် တာဝန်ရှိသူများနှင့်အတူ မေ၃ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ဘားအံမြို့ အမှတ်(၁)နှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းများရှိ သင်တန်းဌာနများ၌ ကျင်းပသည့် ၂၀၀၄–၂၀၀၅ခုနှစ် ပညာသင်နှစ် မူလတန်းဆရာအတတ်စာပေးစာယူသင်တန်း အမှတ်စဉ်(၂၆)သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သင်တန်းဌာန၌ ပဲခူးတိုင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ သင်တန်းသားဆရာ၊ ဆရာမစုစုပေါင်း ၄၁၅ဦး တက်ရောက်ကြပြီး အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း သင်တန်းဌာန၌ ပဲခူးတိုင်း၊ တနင်္သာရီတိုင်းနှင့် ကရင်ပြည်နယ်တို့မှ သင်တန်းသားဆရာ၊ ဆရာမ ၄၅၉ဦး တက်ရောက်ကြကြောင်း သိရသည်။

မေ၁၄ရက်နံနက်ပိုင်းတွင်ပြည်နယ်ဥက္ကဋ္ဌသည် ဘားအံမြို့ အတုလသာသနိက ဗိမာန်တော်၌ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲအောင် သံဃာတော်များအား အောင်လက်မှတ်ဆက်ကပ်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားသို့ တက်ရောက်၍ ဩဝါဒပရိသတ်များနှင့်အတူ အရိယာဝံသကျောင်း ဆရာတော် ဘဒ္ဒန္တပညာသာမိထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူ

ယင်းနောက် ဗိုလ်မှူးကြီးခင်ကြူးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး တာဝန်ရှိသူများနှင့် အတူ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များနှင့် စာအောင်သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

စက်ချုပ်သင်တန်းဖွင့်

မေ၁၆ရက်နံနက်ပိုင်းတွင်ပြည်နယ်ဥက္ကဋ္ဌသည် ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ ကျင်းပသည့် အခြေခံစက်ချုပ် သင်တန်းအမှတ်စဉ်(၈)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၅)သင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

အဆိုပြုလွှာပေး

ထို့နောက်ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်လွင်က အမျိုးသမီးရေးရာ အဖွဲ့ဝင် အဆိုပြုလွှာအား ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာလူထံပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ၏နောက်ဆုံးသီတင်းပတ်

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး

ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

ကျုံပျော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ် ကျောက်ချောလမ်း ခင်းရန်အတွက် ရွှေနံ့သာ–ဇနုံးကွင်းလမ်း အပိုင်း–၄ ကျေးရွာပြည်သူများက မြေသားလမ်းပြုပြင်ခြင်းကို မေ၈ရက်က အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာဦးမြင့်အောင်တို့ ကွင်းဆင်း ကြီးကြပ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မေ ၂၃ ရက်က မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မျိုးဆက်သစ် အားကစား သမားများ၏ အရည်အချင်းစစ် ဒိုင်ဗင်ပြိုင်ပွဲ အမျိုးသား ပထမဆုရ ကျော်သူအောင်အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဘောလုံးပြိုင်ပွဲယှဉ်ပြိုင်

ရန်ကုန် မေ ၂၃

၂၀၀၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် သန်လျင်ရေတပ် တပ်နယ်အားကစားကွင်း၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက် အားပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ပေါ်ထွန်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲတွင် အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး၊ ပထမပွဲစဉ်အဖြစ် ဧညဝတီရေတပ်စခန်းဌာနချုပ်အသင်းနှင့် မောရဝတီရေတပ်စခန်းဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ရပ်မိရပ်ဖများ ကြီးမှူးကျင်းပသော (၉)ရပ်ကွက်လုံးဆိုင်ရာ သတ္တမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ကဆုန်လပြည့်နေ့က ကျော်သူလမ်း တြိရတနရက္ခိတမွှောရုံတွင် ကျင်းပရာ သက်ကြီး အဘိုးအဘွား ၁၂၈ ဦးတို့အား ကန်တော့ကြစဉ်။

(၁၉၂)

အာရှ-ဥရောပ စားပွဲတင်တင်းနစ် ဖိတ်ခေါ်ပြိုင်ပွဲ မြန်မာလူငယ်လက်ရွေးစင်များ ပါဝင်ယှဉ်ပြိုင်မည်

ရန်ကုန် မေ ၂၃

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဇွန် ၂ ရက်မှ ၈ ရက်အထိ ကျင်းပမည့် ပထမအကြိမ် အာရှ-ဥရောပ စားပွဲတင်တင်းနစ် ဖိတ်ခေါ်ပြိုင်ပွဲသို့ မြန်မာလူငယ်လက်ရွေးစင် စားပွဲတင်တင်းနစ် အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာလူငယ်လက်ရွေးစင် စားပွဲတင် တင်းနစ်အားကစားအဖွဲ့ကို မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်က အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူပြီး နည်းပြအဖြစ် တရုတ်နိုင်ငံမှ Mr. Pu Jin Chan က ဆောင်ရွက်မည်ဖြစ်သည်။ အားကစားသမားများအဖြစ် ဘုန်းငွေစည် (ပို့ဆောင်ရေး)၊ သက်ကိုကိုလတ်(မွန်ပြည်နယ်)၊ ရဲအောင်နိုင် (TTC၊ ကမာရွတ်)နှင့် သီဟနိုင်(TTC၊ ကမာရွတ်)တို့ ပါဝင်ကြသည်။

လေ့လာအားပေး

မြန်မာလူငယ်လက်ရွေးစင် စားပွဲတင် တင်းနစ်အားကစားအဖွဲ့နှင့်အတူ လေ့လာအားပေးသူအဖြစ် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြမောင်၊ အတွင်းရေးမှူး ဗိုလ်ကြီးဝင်းနိုင် (ငြိမ်း)နှင့် ဘဏ္ဍာရေးမှူး ဦးသူရသွင်တို့ လိုက်ပါကြမည်ဖြစ်သည်။

၃၈ နိုင်ငံ

မြန်မာ လူငယ်လက်ရွေးစင် တင်းနစ်အားကစားအဖွဲ့သည် အသက် (၁၅)နှစ်အောက်တန်းနှင့် အသက် (၁၈)နှစ်အောက်တန်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပထမအကြိမ် အာရှ-ဥရောပ စားပွဲတင် တင်းနစ်ဖိတ်ခေါ်ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၃၈ နိုင်ငံမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

အတွေ့အကြုံ

မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အားကစားအဖွဲ့ချုပ်သည် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးနှင့် လူငယ်လက်ရွေးစင်များ နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံရရှိရေး ရည်ရွယ်၍ ဝင်ရောက် ယှဉ်ပြိုင်ခြင်းဖြစ်ပြီး မေ ၃၁ ရက်တွင် ထိုင်းနိုင်ငံသို့ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ထူးခြားသည့် နေ့အပူချိန်များ

၂၃-၅-၂၀၀၅

မင်းဘူး

၄၁ ဒီဂရီစင်တီဂရိတ်

(၁၀၆ ဒီဂရီဖာရင်ဟိုက်)

ရန်ကုန်

၃၅ ဒသမ ၂ ဒီဂရီစင်တီဂရိတ်

(၉၅ ဒီဂရီဖာရင်ဟိုက်)

ကမ္ဘာတစ်လွှား အားကစား

အေစီမီလန်နှင့် ပါလာမိုတို့၏ သရေပွဲရလဒ် ဂျူဗင်းတပ်စ်အသင်း စီးရီးအေချန်ပီယံဖြစ်စေခဲ့

မီလန် မေ ၂၃

အီတလီစီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၇)အဖြစ် အေစီမီလန်အသင်းနှင့် ပါလာမိုအသင်းတို့ မေ ၂၀ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်သုံးဂိုးစီ သရေကျပြီး ဂျူဗင်းတပ်စ်က ပွဲမကုန်မီ စီးရီးအေချန်ပီယံဖြစ်သွားသည်။

ဂျူဗင်းတပ်စ်အသင်းသည် ထိုနေ့က ပြိုင်ဖက် အေစီမီလန်အသင်းနှင့် ပါလာမိုအသင်းတို့ သုံးဂိုးစီ သရေဖြစ်သွား၍ ဘောလုံးတစ်ချက်မျှ မကန်ရဘဲ စီးရီးအေချန်ပီယံ ဖြစ်သွားခဲ့သည်။

ဂျူဗင်းတပ်စ်သည်ပွဲစဉ်(၃၆)အပြီး ၈၂ မှတ်ရရှိထားသည်။ လက်ကျန်ပွဲအဖြစ် မေ ၂၂ ရက်တွင် လီဗော်နိုအသင်းနှင့်လည်းကောင်း၊ မေ ၂၉ ရက်တွင် ကာဂရီယာရီအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရန် ရှိသေးသည်။

အေစီမီလန်အသင်းမှာ မေ ၂၉ ရက်တွင် အူဒီးနိစ်အသင်းနှင့် လက်ကျန်ပွဲတစ်ပွဲသာကစားရန် ကျန်ရှိသည်။ အေစီမီလန်က ပွဲစဉ်(၃၇)အပြီး ၇၈ မှတ်ရရှိထားသည်။

အေစီမီလန်က အူဒီးနိစ်အသင်းကို ထိုနေ့တွင် အနိုင်ရခဲ့လျှင် သုံးမှတ်သာ ပိုင်ဆိုင်မည်။ စုစုပေါင်းရမှတ် ၇၈ မှတ်နှင့် သုံးမှတ်ပေါင်း ၈၁ မှတ်သာ ရနိုင်မည်ဖြစ်သည်။

လက်ရှိအခြေအနေအရ ဂျူဗင်းတပ်စ်သည် ၈၂ မှတ် ရရှိထားပြီဖြစ်သည်။ ဂျူဗင်းတပ်စ်တို့ လက်ကျန်နှစ်ပွဲဖြစ်သည့် လီဗော်နိုနှင့် ကာဂရီယာရီကို နိုင်သည်ဖြစ်စေ၊ သရေကျသည်ဖြစ်စေ၊ ရှုံးပွဲနှင့်ရင်ဆိုင်ရသည်ဖြစ်စေ အီတလီစီးရီးအေချန်ပီယံကတော့ ချန်ပီယံသာဖြစ်မည် ဖြစ်သည်။

ဂျူဗင်းတပ်စ်တို့သည် ၂၀၀၅ ခုနှစ် စီးရီးအေချန်ပီယံဖြစ်မှုသည် (၂၈)ကြိမ်မြောက် အောင်ပွဲဖြစ်သည်။ စီးရီးအေအောင်မြင်မှုသရဖူ အများဆုံးဆွတ်ခူးနိုင်သည့်အသင်း ဖြစ်သည်။

အေစီမီလန်အသင်းသည် ၁၉၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း စီးရီးအေချန်ပီယံ(၁၇)ကြိမ်သာ ဆွတ်ခူးနိုင်သည့်အသင်းဖြစ်သည်။ ထိုနေ့က အေစီမီလန်တို့ ပါလာမိုကို သရေကစားခဲ့မှုကြောင့် ယမန်နှစ်စီးရီးအေချန်ပီယံဘွဲ့ကို ဂျူဗင်းတပ်စ်အား လွှဲပြောင်းပေးလိုက်ရသည်။

အေစီမီလန်အသင်းသည် ပွဲစဉ်ရာသီတစ်လျှောက်လုံး အမှတ်ပေးဇယားကို ဦးဆောင်နေခဲ့သည်။ မေ ၁ ရက်အထိ ဒုတိယနေရာမှ ဂျူဗင်းတပ်စ်အသင်းကို အမှတ်တူ ဂိုးကွာခြားချက်ဖြင့် ဦးဆောင်နေသည်။

စီးရီးအေ ထိပ်သီးနှစ်သင်းဖြစ်သော အေစီမီလန်အသင်းနှင့် ဂျူဗင်းတပ်စ်အသင်းတို့သည် မေ ၈ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဂျူဗင်းတပ်စ်က ဒေးဗစ်ထရက်ဇီဂေး၏ ဂိုးဖြင့် သုံးမှတ်အသာရပြီး အေစီမီလန်ကို ကျော်တက်သွားသည်။ ထိုနေ့မှစပြီး ဂျူဗင်းတပ်စ်တို့ အမှတ်ပေးဇယားကို ဦးဆောင်ကာ ချန်ပီယံသရဖူဆောင်းရန် အခွင့်အလမ်း ရရှိသွားခဲ့သည်။

မေ ၁၅ ရက်က ဂျူဗင်းတပ်စ်နှင့် ပါးမားအသင်းတို့ ဒယ်လ်လီအယ်ပီကွင်း၌ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဂျူဗင်းတပ်စ်အသင်းသားများ နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဤသို့ အောင်ပွဲခံခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

ဂျူဗင်းတပ်စ်ကိုရှုံးပြီး မေ ၁၅ ရက်ကလည်း အေစီတို့ လက်ချီကို နှစ်ဂိုးစီ သရေကစားခဲ့၍ မထင်မှတ်ဘဲစီးရီးအေချန်ပီယံဘွဲ့နှင့် လွဲခဲ့ရသည်။

ပါလာမိုနှင့် ယှဉ်ပြိုင်ကစားရသောပွဲသည် အေစီမီလန်အတွက် အဆုံးအဖြတ်ပွဲ ဖြစ်သည်။ ပွဲစပြီး ၈ မိနစ်တွင် ဆာဂျင်ဟိုက အေစီမီလန်အတွက် တစ်ဂိုးစသွင်းသည်။ သို့ရာတွင် ပါလာမိုမှ ကိုစတာကာတာက တစ်မိနစ်အကြာတွင် ချေပဂိုးသွင်းသည်။

ပွဲချိန် ၁၆ မိနစ်တွင် ဆာဂျင်ဟိုကပင် အေစီအတွက် တစ်ဂိုးထပ်မံသွင်းပေးခဲ့သည်။ ပွဲချိန် ၃၂ မိနစ်တွင် တိုမက်ဆင်က အေစီအတွက် တစ်ဂိုးထပ်သွင်း၍ သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။

သို့ရာတွင် ပါလာမိုမှ လူကာတိုနီ၏ ပိုင်နယ်တီနှင့် ဆီမိုနီဘာရိုနီ၏ ချေပဂိုးများကြောင့် အေစီမီလန်တို့၏ ဖလားရရှိရေး မျှော်လင့်ချက်အိပ်မက်မှာ ပျက်ပြယ်ခဲ့ရသည်။

အေစီမီလန်အသင်းသည် မေ ၂၅ ရက်တွင် လီဗာပူးအသင်းနှင့် ဥရောပချန်ပီယံလိဂ်ဖလား ဗိုလ်လုရန် အာရုံစိုက်နေ၍ စီးရီးအေဖလားနှင့် လွဲခဲ့ရကြောင်း၊ စီးရီးအေဖလားမှာ မိမိတို့သာ ရသင့်ကြောင်း၊ သို့ရာတွင် တတိယနေရာမှ အင်တာမီလန်ကို ၁၀ မှတ် ဖြတ်ထားနိုင်၍ လာမည့် ချန်ပီယံလိဂ်အတွက် စိတ်အေးရကြောင်း နည်းပြ ကားလို့အန်ဆယ်လော့တီက ပွဲအပြီးတွင် ပြောကြားသွားသည်။ **(အင်တာနက်)**

ချန်ပီယံလိဂ်တွင် ဂိုးအများဆုံးသွင်းထားသူများ

၂၀၀၄-၂၀၀၅ ချန်ပီယံလိဂ်ဘောလုံးရာသီတွင် ဂိုးအများဆုံး သွင်းထားသူများမှာ-

စဉ်	အမည်	အသင်း	သွင်းဂိုး
၁။	အက်ဒရီယာနို	အင်တာမီလန်	၁၀
၂။	နစ္စတယ်ရွိုင်း	မန်ယူ	၈
၃။	မက်ကိုင်း	ဘိုင်ယန်မြူးနစ်	၆
၄။	ဘာဘာတော့ဗ်	လေဗာကူဆင်	၅
၅။	အွန်နရီ	အာဆင်နယ်	၅
၆။	ဂါစီယာ	လီဗာပူး	၄
၇။	ရော်နယ်ဒင်ဟို	ဘာစီလိုနာ	၄

တို့ဖြစ်ရာ ယခုဗိုလ်လုပွဲသို့ရောက်ရှိနေသည့် လီဗာပူးအသင်းသည် ချန်ပီယံလိဂ်၌ တစ်ဦးတည်း လေးဂိုးသွင်းထားသူ ဂါစီယာ ပါဝင်နေသည်။

(အင်တာနက်)

ချန်ပီယံလိဂ်ဖလားအများဆုံးဆွတ်ခူးခဲ့သည့်အသင်းများ

၁၉၅၆ ခုနှစ်မှစတင်ခဲ့သော ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲမှ စတင်ကာ ဥရောပတစ်လွှားမှ ဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ချန်ပီယံလိဂ်ဆုဖလား အများဆုံးရရှိခဲ့သည့်အသင်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

စဉ်	အသင်း	ခုနှစ်	အကြိမ်
၁။	ရီးယဲလ်မက်ဒရစ်	၁၉၅၆၊ ၁၉၅၇၊ ၁၉၅၈၊ ၁၉၅၉၊ ၁၉၆၀၊ ၁၉၆၆၊ ၁၉၉၈၊ ၂၀၀၀၊ ၂၀၀၂	၉
၂။	အေစီမီလန်	၁၉၆၃၊ ၁၉၆၉၊ ၁၉၈၉၊ ၁၉၉၀၊ ၁၉၉၄၊ ၂၀၀၃	၆
၃။	လီဗာပူး	၁၉၇၇၊ ၁၉၇၈၊ ၁၉၈၁၊ ၁၉၈၄	၄
၄။	အေဂျက်	၁၉၇၁၊ ၁၉၇၂၊ ၁၉၇၃၊ ၁၉၉၅	၄
၅။	ဘိုင်ယန်မြူးနစ်	၁၉၇၄၊ ၁၉၇၅၊ ၁၉၇၆၊ ၂၀၀၁	၄

ကျန်အသင်းများဖြစ်သည့် ဘင်ဖီကာ၊ အင်တာမီလန်၊ ဂျူဗင်းတပ်စ်၊ နော်တင်ဟမ်ဖောရက်စ်၊ မန်ယူ၊ ပေါ်တိုအသင်းတို့သည် ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်စီရရှိခဲ့ဖူးသော အသင်းများဖြစ်ကြသည်။ **(အင်တာနက်)**

မုံရွာမြို့တွင် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကျင်းပ

မုံရွာ မေ ၂၀

စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်း မုံရွာမြို့ စစ်မှုထမ်းဟောင်းအဖွဲ့မိသားစုဝင် ၁၁ ဦးတို့က စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို မေ ၁၄ ရက် နံနက် ၉နာရီက မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ ကျင်းပသည်။

တက်ရောက်

သွေးလှူဒါန်းပွဲသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်နှင့် ကော်မတီဝင်များ၊ မုံရွာမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်မြင့်မြင့်သိန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

သွေးလှူဒါန်း

အခမ်းအနားတွင် စစ်မှုထမ်းဟောင်းအဖွဲ့ မိသားစုဝင် ၁၁ ဦးက စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သွေးများလှူဒါန်းကြရာ တိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်က သွေးလှူရှင် စစ်မှုထမ်းဟောင်းအဖွဲ့ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကြောင်း သိရသည်။

(ယာပုံ) (တိုင်း ပြန်/ဆက်)

ရေနံချောင်းမြို့ မြို့မဈေးကြီး ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော် ရှင်းလင်းဆောင်ရွက်ရာ ဧပြီ ၂၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦး၊ လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်၊ ဒုတိယဦးစီးမှူး (အခွန်) ဦးရှိန်မြင့်မောင်တို့ ကြီးကြပ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနား ပြည်မြို့၌ကျင်းပ

ပြည် မေ ၂၁

ပြည်ခရိုင်၏ ၂၀၀၅–၂၀၀၆ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၈ရက်က ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေး၊ အဖွဲ့ဝင်(၁)ဦးဘဝင်း၊ အတွင်းရေးမှူး ဗိုလ်မှူးမြင့်သိန်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးက အမှာစကားပြောကြားပြီး **(ဝဲပုံ)** ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများသို့ ၂၀၀၅–၂၀၀၆ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက် တာဝန်များ ပေးအပ်ကြောင်း သိရသည်။ **(ခရိုင်ထွေ/အုပ်ဦးစီး)**

ကျေးလက် တစ်ခွင် ဖွံ့ ဖြိုး စည်ပင်

မီးဘေးကာကွယ်ရေး ဇီးကုန်းတွင် သရုပ်ပြလေ့ကျင့်

ဇီးကုန်း မေ ၈

ဇီးကုန်းမြို့ မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေး အတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်တင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်နိုင်နှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဧပြီ ၂၅ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး အတွက် လက်တွေ့သရုပ်ပြ လေ့ကျင့်မှုများ စုပေါင်းဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

ဖျာပုံမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်မည့်ခြသေ့်ဦးမှ ဒုတိယလမ်းအထိ ကတ္တရာ ထပ်ပိုး လွှာ ခင်း ခြင်း လုပ် ငန်း အ တွက် ကျောက်များ ဝယ်ယူစုဆောင်း ထားရှိမှုကို မေ ၁၉ ရက်က အမှုဆောင် အရာရှိ ဦးသက်ပိုင်နှင့် အင်ဂျင်နီယာမှူး ဦးဇော်ထွန်းတို့ တိုင်းတာစစ်ဆေး ဆောင်ရွက်ကြစဉ်။ (၁၅၈)

လက်ပံတန်းမြို့နယ် ရေငံ–မကျီးကွင်းလမ်း ဂဝံခင်းခြင်း လုပ်ငန်းကို မေ ၆ ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဝိုင်းမော်မြို့တွင်စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ဝိုင်းမော် မေ ၁၀

ဝိုင်းမော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၀၅)ကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမတွင် ဧပြီ၂၂ ရက်က ဖွင့်လှစ်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဘောမ်ယိန်းနှင့် စာကြည့်တိုက် လက်ထောက်(၃) ဒေါ်ထားစန္ဒာတို့က သင်တန်းပို့ချပေးပြီး သင်တန်းသို့ စာကြည့်တိုက်တာဝန်ခံ သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၃၄ ဦး တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြိုင်မြို့နယ်တွင် ကျေးလက်ဒေသရေရရှိရေး ဆောင်ရွက်

မြိုင် မေ ၁၇

ပခုက္ကူခရိုင်လုံးကျွတ် ကျေးလက်ဒေသရေရရှိရေး စီမံချက်အရ မြိုင်မြို့နယ်အတွင်း မြို့နယ်လုံးကျွတ်ကျေးလက်ဒေသအားလုံး သန့်ရှင်းသောသောက်သုံးရေရရှိရေးကို စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရေရရှိရေး လုပ်ငန်းပေါင်း ၅၉ ခု ဆောင်ရွက်ရမည့်အနက် မေ ၁၂ရက်အထိ လုပ်ငန်းပေါင်း၂၄ခုဆောင်ရွက်ပြီးစီးခဲ့ပြီး ဆောင်ရွက်ဆဲလုပ်ငန်း ခြောက်ခုဖြစ်သည်။

လုပ်ငန်းများအားလုံးကို စက်တင်ဘာလအပြီး ဆောင်ရွက်မည်ဖြစ်ပြီး မြို့သာကျေးရွာတွင် နှစ်လက်မစက်ရေတွင်း တူးဖော်မှုကို မေ ၁၀ရက်က လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းညွန့်၊ ဦးစီးအရာရှိဦးအေးကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်တို့က လုပ်ငန်းခွင်အတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများကို သွားရောက် ကြီးကြပ်ခဲ့ကြကြောင်း သိရသည်။**(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)



မြန်မာ့အသံ

၂၅–၅–၂၀၀၅(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ရေငံ ကကတစ်မွေးမြူပုံ နည်းစနစ်များ)

၁၂:၀၀ မြန်မာ့အနုသဘင် (ဆရာကြီး ဦးဂုဏ်ဘဏ်)

၁၂:၂၅ သူ့အတွေးနှင့်သူ့အရေး (အလင်းနှင့်အမှောင်) (ဒေါက်တာမြင့်သန်း)

၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (စေတီအပါးတည်ထားသွန်းလုပ် မြန်မာအလုပ်များ–ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၆:၁၅ လူငယ်တွေ့ဆုံပွဲနှင့် နှီးနှော ဖလှယ်ပွဲ(ပုဂံ)ဆွေးနွေးခန်း

၁၇:၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ (မြောင်းမြဒယ်လေး)

၁၇:၄၅ သူ့လက်သံလက်စွမ်းပြ (ဆို၊က၊ရေး၊တီးပြိုင်ပွဲဆုရ ရန်ကုန်တိုင်းမှ မောင်သက်လွင်အောင်ထွန်းနှင့် မောင်ဇေယျာစိုးဦးတို့၏ ဒုံမင်းလက်သံ)

၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)အနေဝေးပေမယ့် အဝေးနေမဟုတ်ပါ (အရှင်ဆန္ဒာဓိက၊ ရွှေပါရမီတောရ) (၂)တွေ့ရကြုံရကျွန်တော့်ဘဝ (တတိယတွဲ) (ပခုက္ကူဦးအုံးဖေ)

၂၀:၃၀ ရွှေမင်းဂံတေးသံသွင်းမှမေတ္တာလက်ဆောင်ပေးပို့သော ရေနံမြေဗိုစိန်၏ တစ်ခေတ်ဆန်းလာမည့် မင်္ဂလာတေးများစီးရီး

ပြင်ဦးလွင်မြို့ ပဒေသာရပ်ကွက်တွင် အဓိကလမ်းမများဖြစ်သော သီဂီလမ်း၊ ယုဇနလမ်း၊ နဝရတ်လမ်း၊ ကုံကော် လမ်း နှင့် ရ တ နာ လမ်း တို့ ကတ္တရာ ခင်း ခြင်း လုပ်ငန်းဆောင်ရွက်မှုကို မေ၁၂ ရက်က အမှုဆောင် အရာရှိ ဦးအောင်မြင့်ဆွေ ကြီးကြပ်ဆောင်ရွက်စဉ်။(မြို့နယ်စည်ပင်)

ကွမ်းခြံကုန်းမြို့နယ် သွားနှင့်ခံတွင်း ဝေဒနာရှင်များ သွားဘက်ဆိုင်ရာ ဆရာဝန်များ ကွင်းဆင်းကုသပေး

ကွမ်းခြံကုန်း မေ ၁၅

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို)၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ရန်ကုန်အသင်းခွဲ)နှင့် ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပူးပေါင်းစီစဉ်မှုဖြင့် မေ ၇ရက်နှင့် ၈ ရက်က ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် လက်ခုပ်ကုန်းကျေးရွာ တိုက်နယ်ဆေးရုံတို့တွင် ကျေးရွာပြည်သူသွားနှင့်ခံတွင်းဝေဒနာရှင် စုစုပေါင်း ၅၀၀ကျော်ကို ကွင်းဆင်းကုသ ပညာပေးကြသည်။ **(ယာပုံ)**

အခမဲ့ပေးဝေ

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌပါမောက္ခဦးသိန်းထွဋ် ခေါင်းဆောင်သော သွားနှင့်ခံတွင်းဆရာဝန်များ၊အလုပ်သင်ဆရာဝန်များသည် ကျေးလက်ပြည်သူဘဝ လက်တွေ့ သိရှိနိုင်ရန် ကမ်းခြေ အနီးပတ်ဝန်းကျင် ကျေးရွာများသို့ ကွင်းဆင်းလေ့လာကြပြီး ကျေးရွာပြည်သူများအား သွားတိုက်ဆေးနှင့်သွားပွတ်တံများ အခမဲ့ပေးဝေခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) လူငယ်သင်တန်းကျောင်းနှင့် အိမ်တွင်းမှုကျောင်းများ နယ်စပ်/စည်ပင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း စစ်ဆေး

ကျိုင်းတုံ မေ ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းသည် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း လိုက်ပါ၍ မေ ၃ ရက်က ကျိုင်းတုံမြို့သို့ရောက်ရှိပြီး နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်စစ်ဆေးသည်။ ဒုတိယဝန်ကြီးသည် ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများအား တွေ့ဆုံမှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ ကျောင်းသား အိပ်ဆောင်၊ ထမင်းစားဆောင်နှင့် စိုက်ပျိုးထားရှိမှုများကို စစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် မေ ၄ရက်တွင် ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိကာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

မှာကြား

ဆက်လက်၍နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ် ဒေသဖွံ့ဖြိုးရေးကြီးကြပ်ရေးရုံးသို့ရောက်ရှိပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်ချက်များကို မှာကြားသည်။

ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၌ နယ်စပ်ဒေသ တိုင်းရင်းသား လူမျိုးများစက်မှုလက်မှုပညာသင်တန်းကျောင်းဖွင့်လှစ်ရေးနှင့် ပတ်သက်၍ ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံညှိနှိုင်း ဆောင်ရွက်သည်။

မေ ၆ ရက်တွင် လွယ်မွေမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်းကို စစ်ဆေးသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် တာချီလိတ်မြို့ သို့သွားရောက်၍ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေအင်ကြင်းရိပ်မွန် သုဝဏ္ဏမြို့နယ်နေ ဦးသန်းထွန်း-ဒေါ်ခင်ဆွေဝင်း မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း၊ ၁၆/၂ရပ်ကွက် သဃ်ာန်းကျွန်းမြို့နယ်ရှိနာရေးကူညီမှုအသင်းသို့လှူဒါန်းရာ ဆေးကူညီမှုခေါင်းဆောင် ဒေါက်တာအောင်မြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(က-ပ)

ရေစကြိုမြို့နယ် ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းဖာထေးပြုပြင်ခြင်းလုပ်ငန်းကို ဧပြီ ၂၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးကျော်နှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

တောင်တွင်းကြီးတွင် သီးနှံစုံစီမံကိန်း တာဝန်ပေး

တောင်တွင်းကြီး မေ ၁၆

၂၀၀၅-၂၀၀၆ခုနှစ် သီးနှံစုံစီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၀ရက် မွန်းတည့် ၁၂နာရီက တောင်တွင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)ဒုတိယရဲမှူး ကံစိန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရေးမှူးဦးမျိုးသန်းက စီမံကိန်းသီးနှံများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

တာဝန်ပေးအပ်

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးခင်မောင်မြင့်က ၂၀၀၅-၂၀၀၆ခုနှစ်သီးနှံစုံစိုက်ပျိုးရမည့် အစီအစဉ်များနှင့် မိုးစပါးတိုးချဲ့ ၉၃၈၁ဧက အပါအဝင် မိုးစပါးစုစုပေါင်း ဧက၉၄၇၁၀ စိုက်ပျိုးရန်အတွက် စိုက်ပျိုးရမည့် နည်းစနစ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး သီးနှံစုံစီမံကိန်း တာဝန်ပေးအပ်လွှာများကိုမြို့နယ်အတွင်းရေးမှူးဦးမျိုးသန်းက ကျေးရွာအုပ်စု ဥက္ကဋ္ဌများအား တာဝန်ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကျောက်ပန်းတောင်းမြို့နယ်တွင် အဘိဓမ္မာသင်တန်းပို့ချ

ကျောက်ပန်းတောင်း မေ ၂

ကျောက်ပန်းတောင်းမြို့ သီရိမင်္ဂလာရပ်ကွက်ရှိ အောင်ပြည့်ချမ်းသာ မဟာသတိပဋ္ဌာန် ၁၀ရက်တရားစခန်းပွဲကို ဧပြီ၆ရက်မှ ၁၈ရက်အထိ အောင်ပြည့်ချမ်းသာပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇဝန ဆရာတော်က အဘိဓမ္မာသင်တန်းနှင့် ဝိပဿနာ အလုပ်ပေး တရားတော်များကို သင်ကြားပို့ချပေးတော်မူသည်။

အဆိုပါ စာသင်တိုက်အတွင်းရှိ စာချစာသင် သံဃာတော်များ၊ အနယ်နယ် အရပ်ရပ်မှ တရားအားထုတ်သော ယောဂီ၂၀၀အား ရန်ကုန်၊ မိတ္ထီလာ၊ တောင်သာ၊ကျောက်ပန်းတောင်းမြို့နယ်များရှိ တပည့်ဒါယကာ၊ ဒါယိကာမများက စုပေါင်း၍ နေ့စဉ်အရဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် ဖျော်ရည်တို့ကို လှူဒါန်းကြသည်။ **(ဝ၆၁)**

တန့်ဆည်မြို့နယ်တွင် ယဉ်ကျေးမှုသင်တန်းဆင်းပွဲ

တန့်ဆည် မေ ၁၅

မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် ယဉ်ကျေးမှုသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၈ရက်နံနက် ၈နာရီက ရွှေကူကျေးရွာ အရှေ့ကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး ကျောင်းထိုင်ဆရာတော် ဦးပဏ္ဍိတက ယဉ်ကျေးမှုသင်တန်းမှ ရရှိသောအကျိုးတရားများကို ရှင်းလင်းဟောကြားသည်။

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မြို့နယ်သာသနာရေး ဦးစီးဌာန ဦးစီးမှူးဦးပါကြီးက အမှာစကားပြောကြားပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းဇော်မြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြကာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၇၅ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြည့်ရှုစစ်ဆေး

သန်လျင်မြို့နယ် အတွင်းရှိ ကျေးရွာအုပ်စုများသို့ ပြေးဆွဲလျက်ရှိသောမြင်းကောင်ရေ(၂၀) အောက် စက်တပ်ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် မေ ၅ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးတင်ဋ္ဌေးနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။ (ခရိုင်ပြန်/ဆက်)

① Computerized Accounting (12Weeks)
Book-keeping & M.Y.O.B Software
② Basic Computer Course (8Weeks)
☎ 240456,250621

ရောင်းရန်ကြော်ငြာစာ

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ဖလမ်းခရိုင်တရားရုံး
၂၀၀၃ ခုနှစ် တရားမဇာရီမှု အမှတ် ၁

မြန်မာ့စီးပွားရေးဘဏ် တီးတိန်မြို့။ **နှင့်** ၁။ ဦးထန်ကြီး
၂။ ဦးမာရ်ဆောမ်ဒေါင့်လျန် လွယ်ဘွာလ်ရပ်ကွက်၊ တီးတိန်မြို့။

ဒီကရီရရှိသူ **တရားရှုံး**

၂၀၀၂ခုနှစ်တရားမကြီးမှုအမှတ်၄တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၅ ခုနှစ် ဇွန်လ ၁၅ရက်နေ့ (မြန်မာသက္ကရာဇ်၁၃၆၇ ခုနှစ်၊ နယုန်လဆန်း ၉)ရက် မွန်းမတည့်မီ နံနက်၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

တီးတိန်မြို့၊ လွယ်ဘွာလ်ရပ်ကွက်၊ မြေကွက်အမှတ်(၄၁/၁)ဦးပိုင်အမှတ်(၉၃)၊ ဧရိယာ(၀ဒသမ၀၅၉)ဧကရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအားလုံး လုပ်ငန်းပိုင် ကုန်ပစ္စည်းအားလုံး (လေလံကြမ်းခင်းဈေး ကျပ် ၁၀သိန်း) (ကျပ်သိန်းတစ်ဆယ်တိတိ)

ရောင်းချမည့်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရှုံးသူ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူ အရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၅ ခုနှစ်၊မေလ ၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဌေးဝင်း
ဒုတိယခရိုင်တရားသူကြီး
ဖလမ်းခရိုင်တရားရုံး၊ဖလမ်းမြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
ဆေးဝါးတက္ကသိုလ်–မန္တလေး
မန္တလေးမြို့။

တတိယအကြိမ် ဘွဲ့နှင်းသဘင်ကြေညာချက်

ဆေးဝါးတက္ကသိုလ်–မန္တလေး၏ တတိယအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း မန္တလေးမြို့၊ မြို့တော်ခန်းမ(၁)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အကြိုလေ့ကျင့်ခြင်း ၈–၇–၂၀၀၅ ရက် (သောကြာနေ့) မွန်းလွဲ(၂း၀၀)နာရီ
ဘွဲ့နှင်းသဘင်ကျင်းပခြင်း ၉–၇–၂၀၀၅ရက် (စနေနေ့) နံနက်(၈း၀၀)နာရီ

တတိယအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ကာလများတွင် ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်။

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပခဲ့သည့် ဘွဲ့ရစာမေးပွဲအောင်မြင်သူများ။

၂၀၀၅ ခုနှစ် ဧပြီလအတွင်း ကျင်းပခဲ့သည့် ဘွဲ့ရစာမေးပွဲအောင်မြင်သူများ။

ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
တက်ရောက်ဘွဲ့ –၁၅၀၀ိ/– (ကျပ်တစ်ထောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့ –၁၀၀၀ိ/– (ကျပ်တစ်ထောင်တိတိ)

ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကိုဆေးဝါးတက္ကသိုလ်–မန္တလေး ကျောင်းသားရေးရာဌာနစိတ်မှဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ပတ်စ်ပို့အရွယ်(၂လက်မ x ၂လက်မခွဲ) (အဖြူအမည်း) ဓာတ်ပုံပူးတွဲ၍ ၂၃–၅–၂၀၀၅ ရက်နေ့မှ ၁၀–၆–၂၀၀၅ ရက်နေ့အတွင်း တင်သွင်းကြရမည်။

ကျော်ငြိမ်း
မော်ကွန်းထိန်း။

SYNERGY IT HOUSE
• Computer Basic Course
• Internet & Email Course
• DTP Course
• AutoCAD
• Java Programming Course

Human Resources Development Centre
TOEFL,IELT,SAT,GCE,COMPUTER,LCCI
Ph-526040

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ ခုနှစ် တရားမဇာရီမှု အမှတ် ၇၁၂/၇၇၇

၁။ ဦးလိုင်ချောင် ပါ–၂
၂။ ဒေါ်မို့မို့ခင် ပါ–၂ နှင့် မြားစက္ကူဝန်ဆောင်မှု ကုမ္ပဏီလီမိတက်

တရားနိုင်များ **တရားရှုံး**

ရန်ကုန်တိုင်း၊ တွဲဖက်တိုင်းတရားသူကြီး(၅)ရုံးတော်၏ အထက်ပါ ဇာရီအမှုများအတွက် ငွေဒီကရီအပေါ် အတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ တရားရှုံး ကုမ္ပဏီပိုင်ပစ္စည်းကို မျက်မြင်အခြေအနေအတိုင်း ၂၀၀၅ခုနှစ် ဇွန်လ၁၃ရက်နေ့ နံနက် ၁၀း၀၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခု ပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံး ပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။
၄။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၅။ လေလံတင်ရောင်းချမည့် ပစ္စည်းအတွက် လေလံတင်ဆွဲဝယ်ယူသူက ငွေကျပ်တစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်တည်း နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်၍ လေလံတင်ရောင်းချလိမ့်မည်။
၆။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသူအရာရှိ သတ်မှတ်ထားသည့် စပေါ်ကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရရှိမည်။
၇။ လေလံဆွဲဝယ်ယူရရှိသူသည် အဖိုးငွေ၏ ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကို ပယ်၍ ၁၅ရက်မြောက်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။ ယင်းနေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမဆုံးရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။
၈။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးသွင်းရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းခံရမည်။
၉။ ပစ္စည်းတည်ရှိရာနှင့် အသေးစိတ်အချက်အလက်များကို ရန်ကုန်တိုင်းတရားရုံး ဘီလစ်ထိတွင် စုံစမ်းနိုင်ပါသည်။

၂၀၀၅ခုနှစ် မေလ ၁၃ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

– ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ် ၂၅လမ်း၊ အမှတ် (၂၄)၊ စီရုံသိမ်ကြီးဈေးဆိုင်ခန်း။ ကြမ်းခင်းဈေးကျပ်သိန်း(၁၆၀)

ဝင်းမြင့်ဦး
တွဲဖက်တိုင်းတရားသူကြီး(၅)
ရန်ကုန်တိုင်းတရားရုံး။

ဖခင်အမည်မှန်

အဖဦးဟန်စိန်၏ သမီးဖြစ်သူ ကြည့်မြင်တိုင်၊ အလက(၄) တတိယတန်းမှ မအိန္ဒြေသက်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းသွင်ဖြစ်ပါကြောင်း။ **ဦးထွန်းသွင်။**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

(ပ)ထပ်(၁၈ ပေ x ပေ ၄၀) အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်
ဆက်သွယ်ရန်ဖုန်း–၀၉ ၅၁ ၀၀၉၉၅ ၇၂၂၄၂၀၊ ၅၅၈၀၄၉။

ဆုသစ်

ကျေးဇူးဆပ်ပါမည်

ကျွန်မ၏ညွှေ့လမ်းညွှန်လိုင်စင်နှင့် မှတ်ပုံတင်များ ပါရှိသောသားရေပိုက်ဆံအိတ်အညိုရောင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အမြန်ဆုံးဆက်သွယ်ပေးပါရန်။ **မအေးသီတာဦး ဖုန်း–၅၆၆၉၆၅၊ ၅၇၂၂၄၉။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော့်ကားနံပါတ်န/၈၁၄၅ ၏ လိုင်စင်စာအုပ် ပျောက်သွားပါသဖြင့် တွေ့ရှိပါက ပြန်လည် ပေးပို့ပါရန်။
ဖုန်း–၅၀၁၃၁၆၊ ၀၉ ၅၀ ၁၅၃၉၉။

အကြောပြင်ပညာဖြင့် မနာကျင်စေဘဲ

– ခါးနာ၊ ဒူးနာ၊ ကျိုးပေါင်းတက်၊ လက်ကပ်၊ လက်ကိုက်နှင့် ထုံနာကျဉ်နာများ ၁၅မိနစ်အတွင်း သက်သာစေရမည်။
– လေဖြတ်မှာ ကြောက်သူများကို ကြိုတင်ကာကွယ်ပေးမည်။

ဦးအေးထွန်း
(ခါးနာ၊ ဒူးနာနှင့် ကျိုးပေါင်းတက်ရောဂါများသုတေသီ)
အမှတ် ၅၇၊ ၄လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊ ၁၆ရပ်ကွက်၊ လှိုင်။ (ပါရမီလမ်းမကြီးမှ ဝင်ပါ)

မလှိုင်မြို့နယ်မိခင်/ကလေးအသင်းကြီးမှူး အသင်းနှစ်ပတ်လည်အခမ်းအနားကျင်းပ

မလှိုင် မေ ၈

မလှိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည် အခမ်းအနားကို ဧပြီ ၃၀ရက်က မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မိုး နီနီလွင်က အသင်း၏ လုပ်ငန်းများနှင့် ပတ်သက်၍ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ တစ်နှစ်တာအတွင်း ဆောင်ရွက်သော ပညာရေးဆိုင်ရာလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဝင်ငွေတိုးရေး လုပ်ငန်းများ၊ အလှူငွေပေးအပ်နိုင်မှု အခြေအနေများ၊ လူမှုရေးဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားသည်။ **(အပေါ်ပုံ)** **(၄၁၉)**

လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းအိမ်ရာဝင်းအတွင်း စိုက်ပျိုးထားသော နှစ်ရှည်သီးနှံပင်များဖြစ်သော သံပရာပင်နှင့် ပျားလိမ္မော်ပင်များကို မေ ၇ ရက်က ပြည်နယ်ညွှန်ကြားရေးမှူး ဦးကြီးမြင့် ကွင်းဆင်း ကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးမျိုးနိုင်အောင်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းပြသစဉ်။ (မြို့နယ် စည်ပင်)

တောင်တွင်းကြီး၌ မီးသတ်တပ်ဖွဲ့နေ့ကျင်းပ

တောင်တွင်းကြီး မေ ၁၂

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက် နံနက် ၈နာရီက တောင်တွင်းကြီးမြို့ မီးသတ်ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြရာ မြို့နယ်ဥက္ကဋ္ဌက မီးသတ်တပ်ဖွဲ့နေ့အကြောင်း ရှင်းလင်းပြောကြားသည်။ **(၁၈၉)**

ဧပြီ ၇ ရက်က စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်/ယာ) ဦး ကျော် နှင့် အဖွဲ့ဝင်များ ပြင်ဦးလွင် မြို့မဈေးကြီးအတွင်း စနစ်တကျ တည်ခင်း ရောင်းချမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်မြင့်ဆွေက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

မွန်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၀၅ခုနှစ် ကျောင်းဆင်းပဒေသာကပွဲနှင့် ဖက်ရှင်မယ်ရွေးချယ်ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ မော်လမြိုင်မြို့ အမှတ်(၁)မူကြိုကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နွယ်ထွန်းက ဖက်ရှင်ပထမဆုရ မကေဇာအား ဆုချီးမြှင့်စဉ်။ (၁၆၈)

တံတားတည်ဆောက်မှု ရာခိုင်နှုန်း ၆၀ ပြီးစီးနေပြီဖြစ်သည့် ကျောက်ရေတွင်းခုံးကျော်တံတားတည်ဆောက်မှုလုပ်ငန်းခွင် မြင်ကွင်းတစ်စိတ်တစ်ဒေသကို မေ ၂၀ ရက်က ဤသို့ အပေါ်စီးမှ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-ထွေးကြည်(မြန်မာ့အလင်း)

ယာဉ်များ အချိန်ကြန့်ကြာမှုမရှိဘဲ လွယ်ကူစွာသွားလာနိုင်မည့် ကျောက်ရေတွင်းခုံးကျော်တံတားတည်ဆောက်မှုစီမံကိန်း

ရန်ကုန် မေ ၂၃

ရန်ကုန်မြောက်ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်ရှိ ကျောက်ရေတွင်းဘူတာရထားလမ်းနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လမ်းမကြီးဆုံရာ ရထားလမ်းကူး၌ ကျောက်ရေတွင်းခုံးကျော်တံတားကို ၂၀၀၅ ခုနှစ် မတ် ၂၀ ရက်မှစတင်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနက တည်ဆောက်လျက်ရှိသည်။

ကြိုးပမ်းဆောင်ရွက်

ကျောက်ရေတွင်းခုံးကျော်တံတားမှာ ပင်မတံတားအရှည် ၁၅၆၈ပေ အပါအဝင် စုစုပေါင်း ပေ၂၁၂၀ ရှည်မည် ဖြစ်သည်။ တံတားကင်းလွတ်အမြင့် ၁၄ ပေရှိပြီး၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက် ၃ ပေ ၁၁ လက်မစီ ရှိသည့် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။ ယခုတံတားတည်ဆောက်မှုအခြေအနေမှာ ရာခိုင်နှုန်း ၆၀ ပြီးစီးနေပြီဖြစ်ရာ တံတားကြီး သတ်မှတ်ချိန်ထက် စောပြီးစီးနိုင်ရေးအတွက် တံတားတည်ဆောက်ရေး စီမံကိန်းအင်ဂျင်နီယာနှင့် ဝန်ထမ်းများက နေ့ဆိုင်း၊ ညဆိုင်းများဖြင့် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လွယ်ကူချောမွေ့လာမည်

ကျောက်ရေတွင်းခုံးကျော်တံတားပြီးစီးသွားပါက မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (မြောက်ပိုင်း)နှင့် (အရှေ့ပိုင်း)မြို့နယ်များမှလာသော ယာဉ်များ ကျောက်ရေတွင်းဘူတာရထားလမ်းနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လမ်းမကြီးဆုံရာ ရထားလမ်းဖြတ်ကူးရာ၌ အချိန်ကြန့်ကြာမှုမရှိဘဲ ယာဉ်များလွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေး ပိုမိုလွယ်ကူချောမွေ့လာမည်ဖြစ်သည်။ (မြန်မာ့အလင်း)



ကျောက်ရေတွင်းဘူတာ ရထားလမ်းနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လမ်းမကြီးဆုံရာ ရထားလမ်းဖြတ်ကူးရာ၌ ရထားစောင့်ဆိုင်းရမှုမရှိဘဲ ယာဉ်များလွယ်ကူစွာ ဖြတ်သန်းမောင်းနှင်နိုင်ရေးအတွက် တည်ဆောက်လျက်ရှိသည့် ကျောက်ရေတွင်းခုံးကျော်တံတား တည်ဆောက်ပြီးစီးမှုအနေအထားကို မေ ၂၀ ရက်က ဤသို့ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-ထွေးကြည်(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှားထူးထူးခြားခြား

နှစ်ပေါင်း နှစ်သန်းခန့်က ကျောက်ဖြစ်ရုပ်ကြွင်း

နှစ်ပေါင်းနှစ်သန်းခန့်က ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို ရှေးဟောင်းပညာရှင်တစ်ဦးက စနစ်တကျတူးဖော်နေစဉ်။ **(အောက်ပုံ)**

အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်းကို ပီရူးနိုင်ငံတောင်ပိုင်း ရှေးဟောင်းကျောက်ဖြစ်ရုပ်ကြွင်းများ ရှာဖွေရေးနယ်မြေတစ်ခုတွင် သုတေသနပညာရှင်များက တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ ယင်းမှာ လွန်ခဲ့သည့် နှစ်ပေါင်း နှစ်သန်းခန့်က အသက်ရှင်သန်ကျက်စားခဲ့သော သင်းခွေချပ်မျိုးနွယ် သတ္တဝါတစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောဆိုသည်။ **(ရိုက်တာ)**

ဘီစီ ၂၀၀၀ ခန့်က ရှေးဟောင်းပန်းအိုး

ရှေးခေတ် လူသားတို့ အသုံးပြုခဲ့သော ပန်းအိုးတစ်လုံးကို တွေ့ရစဉ်။ **(အောက်ယာပုံ)**

အဆိုပါ ပန်းအိုးတွင် ထူးခြားသော ရုပ်ပုံများဖြင့် မွမ်းမံထုဆစ်ထားပြီး ရှေးဟောင်းသုတေသနပညာရှင်များက ဆိုက်ပရပ်နိုင်ငံတွင် မြေအောက်မှ တူးဖော် တွေ့ရှိခဲ့ကြခြင်းဖြစ်ရာ လွန်ခဲ့သည့် ဘီစီ ၂၀၀၀ ခန့်က ပန်းအိုးတစ်လုံး ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)